ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ကမ္ဘောဒီးယားဘုရင့်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း

စာတမ်းပြုစုသူ
ဒေါ်သန္တာရီလင်း
လက်ထောက်ညွှန်ကြားရေးမှူး
ဝန်ထမ်းရေးရာဌာနခွဲ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်။ နေပြည်တော်

## ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်း လေ့လာတင်ပြခြင်း

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | **နိဒါန်း** | |
| ၁။ | နိုင်ငံ၏ပထဝီအနေအထား | |
| ၂။ | နိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း | |
| ၃။ | ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏နိဒါန်း | |
| ၄။ | နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ | |
| ၅။ | ဥပဒေပြုရေး | |
| ၆။ | အုပ်ချုပ်ရေး | |
| ၇။ | တရားစီရင်ရေး | |
| ၈။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ | |
| ၉။ | ရွေးကောက်တင်မြှောက်ခြင်း | |
| ၁၀။ | ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း | |
| ၁၁။ | နိုင်ငံသားများ၏အခွင့်အရေးနှင့်တာဝန်များ | |
| ၁၂။ | နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေ | |
| | **နိဂုံး** | |
| | **ကျမ်းကိုးစာရင်း** | |

## ကမ္ဘောဒီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းလေ့လာတင်ပြခြင်း

**နိဒါန်း**

၁။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံသည် ပါတီစုံဒီမိုကရေစီမူသဘောတရားများကို အခြေခံပြီး ပါလီမန်ကိုယ်စားပြုဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် ဘုရင့်နိုင်ငံဖြစ်ပါသည်။ ၎င်းသည် တစ်ပြည်ထောင်နိုင်ငံဖြစ်ပါသည်။ ထို့ပြင် ဥရောပဥပဒေစနစ် (Civil Law System) ကို ကျင့်သုံးပြီး အစိုးရစနစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘုရင်အုပ်ချုပ်သည့်စနစ် (Constitutional monarchy) ဖြစ်ပါသည်။

**နိုင်ငံ၏ပထဝီအနေအထား**

၂။ ကမ္ဘောဒီးယားနိုင်ငံသည် ရှေးယခင်က အင်ဒိုချိုင်းနားကျွန်းဆွယ်ဟုခေါ်သော အရှေ့တောင်အာရှကျွန်းဆွယ်ပေါ်တွင်တည်ရှိပြီး စတုရန်း ကီလိုမီတာ ၁၈၁၀၀၀ ကျော် ကျယ်ဝန်းပါသည်။ ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံဧရိယာအကျယ်အဝန်း၏ ၃ ပုံ ပုံ လျှင် ၁ပုံသာရှိသော သေးငယ်သောနိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံသည် အနောက်မြောက်ဘက်တွင် ထိုင်းနိုင်ငံ၊ မြောက်ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့နှင့် အရှေ့တောင်ဘက်တွင် ဗီယက်နမ်နိုင်ငံ၊ အနောက်တောင်ဘက်တွင် ထိုင်းပင်လယ်ကွေ့တို့နှင့် ထိစပ်လျက်ရှိပါသည်။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ လူဦးရေမှာ ၁၆၉၄၄၈၂၆ နေထိုင်ပြီး မြို့တော်မှာဖနွမ်းပင် (Phnom Penh) မြို့ဖြစ်ပါသည်။ ရုံးသုံးဘာသာ စကားမှာ ခမာဘာသာစကားဖြစ်ပြီး ကိုးကွယ်ရာဘာသာအနေဖြင့် ဗုဒ္ဓဘာသာ ၉၇.၁ ရာခိုင်နှုန်း၊ အစ္စလာမ် ၂.၀ ရာခိုင်နှုန်း၊ ခရစ်ယာန် ၀.၃ ရာခိုင်နှုန်းနှင့် အခြားဘာသာကိုးကွယ်မှု ၀.၅ ရာခိုင်နှုန်းဖြစ်ပါသည်။




**ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ တည်နေရာပြမြေပုံ**

## နိုင်ငံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း

## နိုင်ငံဖြစ်ပေါ်လာပုံ

၃။ ယနေ့ခေတ် ကမ္ဘောဒီးယားနိုင်ငံတည်ရှိသောနေရာတွင် ကျောက်ခေတ်နှင့် သံခေတ်က လူတို့နေထိုင်ခဲ့ကြောင်း သက်သေအထောက်အထားများရှိပါသည်။ ရတနာဂိရိတွင် သတ္တုတွင်းတူးဖော်ရာ၌လည်း သမိုင်းမတင်မီခေတ်က လက်မှုပစ္စည်းများတွေ့ရှိရကြောင်း လေ့လာသိရှိရပါသည်။ ကမ္ဘောဒီးယားတွင် သံခေတ်အခြေချနေထိုင်မှု အထောက်အထားများကို ဘက်ဆေးချမ်ကရောင်ပုထိုးနှင့် အခြားသော အန်ကောခေတ်ပုထိုးများ၏အောက်ခြေတွင် တွေ့ရှိရကြောင်း ရှေးဟောင်းသုတေသီများက ရေးသားဖော်ပြထားသည်။

၄။ ၁ ရာစု မှ ၆ ရာစု အတွင်း ယနေ့ခေတ် ကမ္ဘောဒီးယားနိုင်ငံတည်ရှိရာ အင်ဒိုချိုင်းနားကျွန်းဆွယ်၏တောင်ဘက်ဆုံးအပိုင်းတွင် ဖူနန်ပြည်နယ်တည်ရှိကြောင်းကို တရုတ်တို့၏ သမိုင်းမှတ်တမ်းများတွင် တွေ့ရှိရသည်။ ဖူနန်ပြည်နယ်သည် မဲခေါင်မြစ်အောက်ပိုင်းကို ဗဟိုပြု၍ ရေကြောင်းကုန်သွယ်မှုဖြင့် ကာလရှည်ကြာစွာ စီးပွားဆက်သွယ်မှုများပြုလုပ်ခဲ့သည်။ ၆ ရာစုနှစ်တွင် ချန်လာ သို့မဟုတ် ကျန်လာ ပြည်နယ်သည် ဖူနန်ထက်ပိုမိုအင်အားကောင်းလာပြီး ဖူနန်ပြည်နယ်ကိုပါ သိမ်းပိုက်ခဲ့ကြောင်း တရုတ်မှတ်တမ်းများတွင် တွေ့ရှိရသည်။

၅။ ချန်လာပြည်နယ်သည် ယခင်က ဖူနန်ပြည်နယ်၏လက်အောက်ခံပြည်နယ်တစ်ခုဖြစ်သော်လည်း ချန်လာပြည်နယ်ကိုအုပ်ချုပ်သည့် စီထွာစန်နာ မဟင်ဒရာဗာမန် လက်ထက်တွင် ဖူနန်ပြည်နယ်ကို သိမ်းပိုက်ခဲ့သည်။ ထို့ပြင် ချန်လာတို့သည် ၆၁၆ ခုနှစ်နှင့် ၆၁၇ ခုနှစ်တို့တွင် တရုတ်နိုင်ငံသို့ သံအဖွဲ့များစေလွှတ်ခဲ့ကြောင်း တရုတ်စွေမင်းဆက်မှတ်တမ်းများတွင် မှတ်တမ်းတင်ထားပါသည်။ ၇၀၆ ခုနှစ် ပြီးနောက် ချန်လာပြည်နယ်သည် ကုန်းချန်လာနှင့် ရေချန်လာဟူ၍ နှစ်ပိုင်းကွဲသွားကြောင်း တအောင်းပြည်မှတ်တမ်းတွင်တွေ့ရှိရပါသည်။ ၈ ရာစုနှောင်းပိုင်းတွင် ရေချန်လာပြည်နယ်သည် ဂျာဗာပြည်နယ် ဆေးလန်ဒရာမင်းဆက်၏ လက်အောက်သို့ ကျရောက်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။

၆။ ကုန်းချန်လာပြည်နယ်ကို အုပ်ချုပ်သူ ဂျာရာဗာမန် ၂ သည် ၈၀၂ ခုနှစ်တွင် ဒဏ္ဍာရီလာ ဟိန္ဒူရိုးရာဘိသိက်ခံအခမ်းအနားတစ်ခုကို မဟင်ဒရာတောင်ဟုခေါ်သော ကူလန်တောင်တွင် ကျင်းပခဲ့ပြီး ဒေဝရာဂျာဘွဲ့ကိုခံယူခဲ့သည်။ အန်ကောခေတ် အန်ကောဒေသ၏ပထမဆုံးမြို့တော်ဖြစ်သော ဟယ်ရီဟာရာလာရာ (Hariharalaya) ကို ယနေ့ခေတ် ရိုလူးရပ်စ်မြို့ (Roluos) အနီးတွင် တည်ထောင်ခဲ့ပါသည်။ အန်ကောခေတ်၌ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး အာဏာကို ဘုရင်ထံတွင်သာ အပ်နှင်းထားကြောင်းလေ့လာတွေ့ရှိရပါသည်။

၇။ ဘုရင်အင်ဒရာဘာမန် ၁ (၈၇၇-၈၈၉) နှင့် သားတော်ဘုရင် ရာဆိုဗာမန် ၁ (၈၈၉-၉၀၀) တို့သည် မြို့တော်၏မြောက်ဘက်တွင် ရေလှောင်ကန်(ဘာရေး)များကို တည်ဆောက်ခဲ့သည်။ ယင်းတည်ဆောက်မှုမှတ်တမ်း အထောက်အထားများအရ အလျား ၇ ကီလိုမီတာ (၄ မိုင်) နှင့် အနံ ၁.၈ ကီလိုမီတာ (၁ မိုင်) ကျယ်ဝန်းသည့် အရှေ့ရေလှောင်ကန်၏တမံများကို ယနေ့ထိတိုင် တွေ့ရှိရကြောင်း လေ့လာသိရှိရပါသည်။

၈။ ကမ္ဘောဒီးယားနိုင်ငံသည် အန်ကောခေတ် ၉ ရာစုနှစ်မှစတင်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ်တည်ရှိခဲ့ပြီး အန်ကောခေတ်မြို့တော်တွင် လူဦးရေအများဆုံးနေထိုင်ခဲ့ကြောင်းနှင့် ခမာအက္ခရာရေးသားမှုစတင်အသုံးပြုခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၉။ ၁၂ ရာစု အစောပိုင်းက တည်ဆောက်ခဲ့သော အန်ကောဝပ်ဘုရားကျောင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးဘာသာရေးအဆောက်အအုံဖြစ်သည်။ အန်ကောခေတ် ကမ္ဘောဒီးယားနိုင်ငံသည် ဟိန္ဒူဘာသာကို ကိုးကွယ်ကြပြီး အထက်တန်းလွှာ၊ အလုပ်သမားနှင့် ကျွန်များဟူ၍ ခွဲခြားထားသည့် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ အထက်တန်းလွှာများတွင် ဘုရင့်အကြံပေးများ၊ စစ်ဘက်ဆိုင်ရာခေါင်းဆောင်များ၊ နန်းတွင်းအရာရှိများ၊ နန်းတွင်းသူများနှင့် ဘုန်းတော်ကြီးများ ပါဝင်သည်။ လုပ်သားများတွင် လယ်ယာလုပ်ကိုင်သူများနှင့် တည်ဆောက်ရေး လုပ်ငန်းလုပ်ကိုင်သူများပါဝင်သည်။ သုံ့ပန်းများကို ကျွန်အဖြစ်ခိုင်းစေသည်။ ငွေဒင်္ဂါးအသုံးပြုခြင်းမရှိဘဲ စိုက်ပျိုးရေးအခြေခံသည့်နိုင်ငံဖြစ်သည့်အလျောက် လယ်ယာထွက်ကုန်ပစ္စည်းများကိုသာ လဲလှယ်အသုံးပြုကြသည်။

၁၀။ ၁၇ ရာစုနှင့် ၁၈ ရာစုနှစ်တို့တွင် ယိုးဒယားနှင့် ဗီယက်နမ်တို့၏ အာဏာကြီးထွားလာပြီး ခမာလူမျိုးများ၏တော်ဝင်အာဏာသည် ကျရှုံးခဲ့ရသည်။ ၁၉ ရာစုတွင် ဗီယက်နမ်နှင့် ယိုးဒယားနိုင်ငံတို့တွင် မင်းဆက်များထူထောင်ခဲ့ကြပြီး ခမာတို့ကို ပူးတွဲအုပ်ချုပ်မှုအောက်တွင် ထားရှိခဲ့ကြပါသည်။ ၁၈၆၃ ခုနှစ်တွင် ပြင်သစ်တို့မှ သိမ်းပိုက်ခဲ့သည်။

၁၁။ ၁၈၆၃ ခုနှစ်တွင် ပြင်သစ်တို့မှ သိမ်းပိုက်ခဲ့သည်ဆိုသော်လည်း အမှန်စင်စစ်မှာ နိုရိုဒွန်ဘုရင်က မိမိတို့နိုင်ငံကို ထိုင်းနှင့် ဗီယက်နမ်တို့ထံမှ အကာအကွယ်ပေးရန် ပြင်သစ်တို့မှ လက်နက်ပြပရိယာယ် (gunboat diplomacy) သဘောဆောင်သည့် အကာအကွယ်ပေးရန် တောင်းဆိုခဲ့ခြင်းသာဖြစ်သည်။ ထို့ကြောင့် နိုရိုဒွန်ဘုရင်နှင့် ပြင်သစ်တို့သည် ၁၈၆၃ ခုနှစ်၊ ဩဂုတ်လတွင် ပြင်သစ်တို့မှအကာအကွယ်ပေးရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ ပြင်သစ်တို့သည် နိုရိုဒွန်ဘုရင်နှင့်သဘောတူညီချက်အရ ကမ္ဘောဒီးယားနိုင်ငံကို အကာအကွယ်ပေးခဲ့သည်။ အစပိုင်း၌ ပြင်သစ်တို့သည် သဘောတူညီချက်အရ ကမ္ဘောဒီးယားနိုင်ငံ၏ပြည်တွင်းရေးရာကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမရှိသော်လည်း ၁၈၇၇၊

၁၈၈၄နှင့် ၁၈၉၇ ခုနှစ်များ၌ အရေးကြီးသောပြည်တွင်းကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခဲ့သည့်အတွက် တဖြေဖြေးဘုရင့်အာဏာမေးမှိန်လာခဲ့သည်။ အထင်ရှားဆုံးသော ဖြစ်ရပ်တစ်ခုမှာ သဘောတူညီချက်ကိုပြင်ဆင်ပြီး ကျွန်စနစ်ကို တရားဝင်ဖျက်သိမ်းခြင်းဖြင့် ပြင်သစ်တို့သည် ၎င်းတို့၏အာဏာကို တိုးမြှင့်ခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် ဘုရင်နိုရိုဒွန် နတ်ရွာစံခဲ့ပြီး သူ၏နန်းမွေဆက်ခံသူ ဘုရင်ဆီဆိုဝပ်နန်းတက်ခဲ့ပြီးနောက် ဥပဒေစနစ်ကို ပြုပြင် ပြောင်းလဲရန်ကြိုးပမ်းမှုများ ပြင်းထန်လာသည့်အတွက် ပြင်သစ်တို့၏ထိန်းချုပ်မှုမှာလည်း တင်းကျပ်လာခဲ့သည်။

၁၂။ ၁၉၄၁ ခုနှစ်တွင် ပြင်သစ်တို့သည် ၁၈ နှစ်အရွယ်ရှိ နိုရိုဒွန် သီဟာနု (Norodom Sihanouk) ကို ဘုရင်အဖြစ်တင်မြှောက်ခြင်းသည် ပိုမိုထိန်းချုပ်ရန်လွယ်ကူမည်ဟုယူဆပြီး နန်းတင်ခဲ့ကြသည်။ သို့သော် ဘုရင်နိုရိုဒွန်သီဟာနု သည် နိုင်ငံရေးနှင့်ဘုရင့်အာဏာအတွက် ရည်မှန်းချက်များကို လျင်မြန်စွာချမှတ်ခဲ့သည်။[၁]

## ဂျပန်တို့ဝင်ရောက်သိမ်းပိုက်ခြင်း

၁၃။ ဒုတိယကမ္ဘာစစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံအတွင်းသို့ ဂျပန်များဝင်ရောက်လာခဲ့ပါသည်။ ပြင်သစ်တို့၏အာဏာကို ဆန့်ကျင်ကာ ကမ္ဘောဒီးယားနိုင်ငံသည် ဂျပန်တို့လိုလားသော အစိုးရစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ပြင်သစ်တို့ထံမှ လွတ်လပ်ရေးရကြောင်း ကြေညာခဲ့သည်။ **ဂျပန်တို့သည် ပြင်သစ်နှင့် ၎င်း၏မဟာမိတ်တပ်များကိုအနိုင်ရသည့် ၁၉၄၅ ခုနှစ် မတ်လ မှ အောက်တိုဘာလအထိ တိုတောင်းသောကာလအတွင်း ကမ္ဘောဒီးယားနိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။**[၂] ပြင်သစ်တို့မှ ပြန်လည်သိမ်းပိုက်ခဲ့သည့် ၁၉၄၅ ခုနှစ်တွင်လည်း ဘုရင်သီဟာနုသည် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

## လွတ်လပ်ရေးကြိုးပမ်းမှု

၁၄။ ဘုရင်သီဟာနုသည် ပထမဦးစွာ ပြည်တွင်းရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ပြင်သစ်တို့ကို ဖိအားပေးခဲ့ပြီး နောက်ဆုံးတွင် ပြင်သစ်တို့ထံမှ လွတ်လပ်ရေးရရှိရန် တော်ဝင်ခရူးဆိတ်စစ်ပွဲ (Royal Cursade) ကို ၁၉၅၃ ခုနှစ်တွင် စတင်ခဲ့သည်။ ကမ္ဘောဒီးယားတို့သည် ပြင်သစ်တို့လက်အောက်မှ ၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။

၁၅။ ၁၉၅၄ ခုနှစ်၊ အင်ဒိုချိုင်းနား ဂျနီဗာညီလာခံမှ ရရှိခဲ့သည့် ရလဒ်အရ ကမ္ဘောဒီးယားတို့သည် ၎င်းတို့၏နယ်မှ ဗီယက်နမ်တပ်များကို ဆုတ်ခွာစေနိုင်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ

---

[၁] https://en.wikipedia.org/wiki/History_of_Cambodia

[၂] Jorg Menzel, Cambodia from Civil War to a Constitution to Constitutionalism, p-၁၀.

သည် ၁၉၅၀ ခုနှစ်နှင့် ၁၉၆၀ ခုနှစ်များတွင် ကြားနေနိုင်ငံခြားရေးဝါဒကို အဓိကကျင့်သုံးခဲ့ကြသည်။ ၁၉၆၀ ခုနှစ် အလယ်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံအရှေ့ပိုင်းပြည်နယ်များရှိ ဒေသအချို့ကို တောင်ဗီယက်နမ်နှင့် စစ်ပွဲဖြစ်ပွားနေသည့် မြောက်ဗီယက်နမ်တပ်များနှင့် အမျိုးသားလွတ်မြောက်ရေးတပ်ဦးတပ်များ (NVA/ NLF) အတွက် အခြေစိုက်စခန်းများအဖြစ်လည်းကောင်း၊ Sihanoukville ဆိပ်ကမ်းကို အဆိုပါတပ်များအား ထောက်ပံ့ရန်ဆိပ်ကမ်းအဖြစ် လည်းကောင်း အသုံးပြုခဲ့ကြသည်။ အမျိုးသားလွတ်မြောက်ရေးတပ်ဦးတပ်ဖွဲ့များ၏ တိုက်စစ်ဆင်မှုပြင်းထန်လာသည့်အတွက် တောင်ဗီယက်နမ်နှင့် အမေရိကန်တို့သည် ပိုမိုစိုးရိမ်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် အမေရိကန်တို့သည် အမျိုးသားတပ်ဦးများကို ပစ်မှတ်ထား၍ ၁၄ လကြာ ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုများကို ပိုမိုဆိုးရွားလာစေခဲ့သည်။ အမေရိကန်တို့၏ ဗုံးကျဲတိုက်ခိုက်မှုသည် ကမ္ဘောဒီးယား-ဗီယက်နမ်နယ်စပ်ဒေသများတွင် နေထိုင်သူများအတွက် စိုးရိမ်ဖွယ်ဖြစ်စေခဲ့သည်။ တောင်ဗီယက်နမ်နှင့် မြောက်ဗီယက်နမ်တို့အကြား ဖြစ်ပွားသည့် ပဋိပက္ခသည် ကမ္ဘောဒီးယားသို့ရောက်ရှိလာမည်ကိုစိုးရိမ်သော မင်းသားသီဟာနုသည် ဗီယက်နမ်-ကမ္ဘောဒီးယားနယ်စပ်တစ်လျှောက် ကမ္ဘောဒီးယားပိုင်နက်အတွင်း အမေရိကန်တို့ ဗုံးကြဲတိုက်ခိုက်မှုကို ရှုံ့ချခဲ့သည်။ သို့သော်လည်း အမေရိကန်တို့သည် ကမ္ဘောဒီးယားနိုင်ငံသားတို့ကို ထိခိုက်စေခြင်းမရှိဘဲ မြောက်ဗီယက်နမ်ကွန်မြူနစ်တပ်များကို တိုက်ခိုက်မည်ဆိုပါက မိမိအနေဖြင့် ကန့်ကွက်မည်မဟုတ်ကြောင်းကို မင်းသားသီဟာနုသည် အမေရိကန်သံတမန် Chester Bowles ထံသို့ သဝဏ်လွှာပေးပို့ခဲ့သည်။ မင်းသားသီဟာနုသည် ကမ္ဘောဒီးယားနိုင်ငံ၏လေဆိပ်နှင့် လေပိုင်နက်များကို အမေရိကန်တို့အား စစ်ရေးအရ အသုံးပြုရန် ခွင့်မပြုခဲ့ပေ။

၁၆။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ကွဲပြားခဲ့ပြီး Son Sen၊ Ieng Sary နှင့် Saloth Sar စသည့် ပါရီပညာတတ်ခေါင်းဆောင်များ ဦးဆောင်ခဲ့သည့် ကမ်ပူချာကွန်မြူနစ်ပါတီ( Communist Party of Kampuchea, CPK) လူလတ်တန်းစားများပါဝင်သည့် လက်ဝဲဝါဒီများက ကြီးစိုးခဲ့ကြသည်။ မင်းသားသီဟာနုသည် ထိုသောင်းကျန်းသူများကို ခမာနီများဟု ခေါ်ဆိုခဲ့သည်။ သို့သော် ၁၉၆၆ ခုနှစ်၊ ပြည်လုံးကျွတ်ရွေးကောက်ပွဲများတွင် ဗိုလ်ချုပ်ကြီး လုံနဲလ် (General Lon Nol) အနိုင်ရရှိခဲ့ပြီး ၁၉၆၇ ခုနှစ်ထိ အစိုးရသစ် တစ်ရပ်ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၆၈ ခုနှစ်၊ ၁၉၆၉ ခုနှစ်များတွင် ပုန်ကန်မှုများ ပိုမိုပြင်းထန်လာခဲ့ပြီး သီဟာနု၏စည်းမျဉ်းစည်းကမ်းများကိုကြိုက်နှစ်သက်ခြင်း မရှိသောအစိုးရအဖွဲ့ဝင်များနှင့် တပ်မတော်သားများသည် ၎င်းကို ဖြုတ်ချရန်လှုံ့ဆော်ခဲ့ကြသည်။

၁၇။ ၁၉၇၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်ကြီးလုံနဲလ်နှင့် ဒုတိယဝန်ကြီးချုပ် Sirik Matak တို့မှ ပါလီမန်တွင် အယုံအကြည်မရှိ အဆိုကိုတင်သွင်းခဲ့ပြီး သီဟာနုကို ဖြုတ်ချခဲ့ကြသည်။ ထို့နောက် ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ကမ္ဘောဒီးယားသမ္မတနိုင်ငံအဖြစ် ကြေညာခဲ့သည်။ ထိုချိန်တွင် ခမာသမ္မတနိုင်ငံကို လုံနဲလ်၊ Sirik Matak နှင့် အောက်လွှတ်တော်ခေါင်းဆောင် In Tam တို့မှ ဦးဆောင်ခဲ့ကြသည်။ ၁၉၇၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ချမှတ်ခဲ့ပြီး လုံနဲလ်ကို သမ္မတအဖြစ်တင်မြှောက်ခဲ့သည်။

၁၈။ မြောက်ဗီယက်နမ်တို့မှ ခမာနီသောင်းကျန်းသူများကို ထောက်ပံ့ကူညီမှုများပေးခြင်းကြောင့် ခမာနီတို့ ပိုမိုအင်အားကြီးထွားလာခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ခမာနီသောင်းကျန်သူများသည် ကမ္ဘောဒီးယားနိုင်ငံ၏နယ်မြေ ၆၀ ရာခိုင်နှုန်းနှင့် လူဦးရေ ၂၅ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့သည်။ ၁၉၇၅ ခုနှစ်၊ နှစ်သစ်ကူးနေ့တွင် ကွန်မြူနစ်များမှ စတင်တိုက်စစ်ဆင်ခဲ့ရာ ၁၁၇ ရက်မြောက်နေ့တွင် တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့ပြီး ခမာသမ္မတနိုင်ငံ ပြိုကွဲခဲ့သည်။

**ခမာနီခေတ်**

၁၉။ ခမာနီခေတ်တွင် အစိုးရသစ်သည် ကမ္ဘောဒီးယားလူ့အဖွဲ့အစည်းကို ပြန်လည်တည်ဆောက်ခဲ့ပြီး ဘာသာရေးကိုလည်း ဖိနှိပ်ခဲ့သည်။ ခမာနီတို့သည် ဒီမိုကရက်တစ်ကမ်ပူချာ (Democratic Kampuchea) နိုင်ငံအဖြစ် တည်ထောင်ခဲ့သည်။ ထိုချိန်အထိ ကမ္ဘောဒီးယား ငွေကြေးနှင့် ဘဏ်စနစ်များမရှိပေ။ **၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ရေးဆွဲခဲ့ပြီး ပြည်သူ့ကွန်မြူနစ်သမ္မတနိုင်ငံအဖြစ် ဖွဲ့စည်း၍ ကမ်ပူချာကွန်မြူနစ်ပါတီဥက္ကဋ္ဌ ခမ်ဆန်ဖန်းသည် သမ္မတဖြစ်လာသည်။** ဝန်ကြီးချုပ်ပိုပေါ့ ပါဝင်သည့် ၁၅ ဦးပါအဖွဲ့ကိုလည်း ဝန်ကြီးများအဖွဲ့အဖြစ်ခန့်အပ်ခဲ့သည်။ မင်းသားသီဟာနုကို နေအိမ်အကျယ်ချုပ် ကျခံစေခဲ့သည်။

၂၀။ ထိုအချိန်တွင် ဗီယက်နမ်နှင့် ထိုင်းတို့၏ဆက်ဆံရေးသည်လည်း ဆိုးရွားလာခဲ့သည်။ ခမာနီတို့သည် တရုတ်တို့နှင့် ကောင်းမွန်သောဆက်ဆံရေးကို တည်ဆောက်ခဲ့သည့်အတွက် ကမ္ဘောဒီးယား-ဗီယက်နမ် ပဋိပက္ခသည် တရုတ်နှင့် ဆိုဗီယက် ပြိုင်ဆိုင်မှု၏တစ်စိတ်တစ်ပိုင်းဖြစ်လာပြီး မော်စကိုက ဗီယက်နမ်တို့ကို ကျောထောက် နောက်ခံပြုပေးခဲ့သည်။ ၁၉၇၈ ခုနှစ် အလယ်ပိုင်းတွင် ဗီယက်နမ်တို့သည် ကမ္ဘောဒီးယားကို ကျူးကျော်ဝင်ရောက်ခဲ့သည်။ ၁၉၇၈ ခုနှစ်၊ ဒီဇင်ဘာနှောင်းပိုင်းတွင် ဗီယက်နမ်တပ်များသည် ကမ္ဘောဒီးယားနိုင်ငံတစ်ခုလုံးကို ကျူးကျော်ဝင်ရောက်ခဲ့ပြီး ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလဖနွမ်းပင်မြို့ကို သိမ်းပိုက်ခဲ့ကြသည်။

၂၁။ ၁၉၇၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ဗီယက်နမ်စစ်တပ်နှင့် ကမ်ပူချာအမျိုးသား လွတ်မြောက်ရေးအင်အားစု (KUFNS) တို့သည် ခမာနီတပ်များကို ဖြုတ်ချပြီးနောက် ဟန်ဆာမင် (Heng Samrin) ကို နိုင်ငံခေါင်းဆောင်အဖြစ်တင်မြှောက်ပြီး ပြည့်သူ့သမ္မတနိုင်ငံ အသစ်ကို တည်ထောင်ခဲ့သည့်အတွက် ပိုပေါ့၏တပ်များသည် ထိုင်းနယ်စပ်သို့ လျင်မြန်စွာ ဆုတ်ခွာခဲ့ရသည်။ စစ်ပွဲများကြောင့် ကမ္ဘောဒီးယားနိုင်ငံသား ၆ သိန်းခန့်သည် ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက်ဒုက္ခသည်စခန်းများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး နိုင်ငံတစ်ဝှမ်းတွင် လူပေါင်းသောင်းနှင့်ချီ သတ်ဖြတ်ခံခဲ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကမ္ဘောဒီးယားဘုရင့်နိုင်ငံပြန်လည်တည်ထောင်ခြင်း**

၂၂။ ၁၉၈၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော ပါရီငြိမ်းချမ်းရေးသဘောတူညီချက်များ ကြောင့် ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလတွင် အလုံးစုံသောငြိမ်းချမ်းရေးကို ရရှိခဲ့သည်။ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ပါရီညီလာခံကို လက်မှတ်ရေးထိုးခြင်းကြောင့် ကမ္ဘောဒီးယားနိုင်ငံလုံးဝအပစ်အခတ်ရပ်စဲရန်နှင့် ခမာနိုင်ငံနှင့်ထိုင်းနိုင်ငံနယ်စပ်တစ်လျှောက် **လွတ်လပ်ပြီးမျှတသောရွေးကောက်ပွဲများဆောင်ရွက်ပေးရန်အတွက် ကုလသမဂ္ဂကို အပြည့်အဝ အာဏာအပ်နှင်းခဲ့သည်။** ကမ္ဘောဒီးယားအမျိုးသားကောင်စီဥက္ကဋ္ဌ မင်းသားသီဟာနုနှင့် အခြားသော ကောင်စီအဖွဲ့ဝင်များသည် ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလတွင် ဖနွမ်းပင်သို့ ပြန်လည်ရောက်ရှိ လာခဲ့သည်။ ၁၉၉၂ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံအသွင်ကူးပြောင်းရေး ကုလသမဂ္ဂ အာဏာပိုင်အဖွဲ့ - United Nation Transitional Authority in Cambodia (UNTAC)သည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် ရာဆူရှီအာကာရှီ (Yasushi Akashi) ၏ ဦးဆောင် မှုဖြင့် အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ UNTAC သည် အရပ်သား နှင့်စစ်ဘက်ငြိမ်းချမ်းရေးတပ်ဖွဲ့အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

၂၃။ ၁၉၉၃ ခုနှစ်၊ မေလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲများတွင် ကမ္ဘောဒီးယားနိုင်ငံ သား ၄ သန်းကျော် (အရည်အချင်းပြည့်မီသော မဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းခန့်)ပါဝင်ခဲ့ပါသည်။ ထိုရွေးကောက်ပွဲတွင် နိုရွန်ဒွန်သီဟာနု၏သား မင်းသားရာနရစ်၏ . တော်ဝင်ဝါဒီပါတီသည် ၄၅.၅ ရာခိုင်နှုန်းဖြင့်အနိုင်ရရှိခဲ့သည်။ ပါတီအသီးသီးမှကိုယ်စားလှယ် ၁၂၀ ဦးပါဝင်သည့် အဖွဲ့ သည် ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ရေးဆွဲ အတည်ပြုခဲ့သည်။ ယခင်က မင်းသားသီဟာနုကို ဘုရင်အဖြစ်အဆင့်မြှင့်တင်ပေးခဲ့ပြီး စည်းမျဉ်းခံ ဘုရင်စနစ်ကိုအခြေခံသည့် ပါတီစုံလစ်ဘရယ်ဒီမိုကရေစီစနစ်ကို တည်ထောင်ခဲ့သည်။

၂၄။ မင်းသားရာနရစ်နှင့် ဟွန်ဆန်တို့သည် ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးချုပ်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လူ့အခွင့်အရေးများကိုလည်း ကျယ်ပြန့်စွာ ထည့်သွင်းပေးထားကြသည်။ ကမ္ဘောဒီးယားနိုင်ငံ၏သက်တမ်းအရှည်ဆုံး ဝန်ကြီးချုပ်ဟွန်ဆန်သည် ကမ္ဘာ့သက်တမ်းအရှည်ဆုံးခေါင်းဆောင်များထဲမှ တစ်ဦးဖြစ်ပြီး အာဏာကိုလည်းအခိုင်အမာ ဆုပ်ကိုင်ထားနိုင်သည်။ ၎င်း၏ကမ္ဘောဒီးယားပြည်သူ့ပါတီ (CPP) သည် ၁၉၇၉ ခုနှစ် ကတည်းက အာဏာရရှိလာခဲ့သည်။[၃] ၂၀၂၃ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သော ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲတွင် ဟွန်ဆန်၏သား ဟွန်မာနက်က ဝန်ကြီးချုပ်အဖြစ် ရွေးကောက်ခံခဲ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေသမိုင်း**

၂၅။ ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ပထမဦးဆုံးဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်သစ်တို့ အကာအကွယ်ပေးသည့်ကာလအတွင်း စတင်ရေးဆွဲခဲ့သည်။[၄]

၂၆။ ထိုအချိန်တွင် ကမ္ဘောဒီးယားတို့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေခေတ်သစ်တစ်ခုကို စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ **ကမ္ဘောဒီးယားနိုင်ငံ၏ပထမဦးဆုံးသော ရေးသားမှတ်တမ်းတင်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၇ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် ရေးဆွဲချမှတ်နိုင်ခဲ့သည်။** ကမ္ဘောဒီးယားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရေးသားထားခြင်းမရှိသော ဓလေ့ထုံးတမ်း များပေါ်တွင် အခြေခံရေးဆွဲထားခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၇။ ကမ္ဘောဒီးယားနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို **၁၉၄၇ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် လည်းကောင်း၊ ၁၉၇၂ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင်လည်းကောင်း၊ ၁၉၇၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင်လည်းကောင်း၊ ၁၉၈၁ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့တွင်လည်းကောင်း၊ ၁၉၉၃ ခုနှစ် စက်တင်ဘာ ၂၁ ရက်နေ့တွင်လည်းကောင်း ၅ ကြိမ်**တိုင်ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၂၈။ ၁၉၈၂ ခုနှစ်တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဗီယက်နမ်ဆန့်ကျင်ရေးအုပ်စု ၃ စု ပူးပေါင်း၍ မင်းသားသီဟာနုကို ဥက္ကဋ္ဌအဖြစ်တင်မြှောက်၍ မဟာမိတ်ဖွဲ့ခဲ့ပြီး ကမ္ဘောဒီးယား ဒီမိုကရေစီညွန့်ပေါင်းအစိုးရကို တည်ထောင်ခဲ့သည်။ ၁၂ နှစ်ကြာပြီးနောက် ကုလသမဂ္ဂ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အုပ်စုကွဲများကြားတွင် သဘောတူညီချက်ရရှိခဲ့ပြီး ကမ္ဘောဒီးယား နိုင်ငံကို ပြန်လည်ဖွဲ့စည်းခဲ့သည်။ ပြန်လည်ဖွဲ့စည်းသည့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ဖွဲ့စည်းပုံ

[၃] https://en.wikipedia.org/wiki/History_of_Cambodia

[၄] Yan Vandeluxe, The Historical Development of Cambodia's Constitutions, p-၅၅.

အခြေခံဥပဒေကို ၁၉၉၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် အတည်ပြုပြီး ၃ ရက်အကြာ မင်းသားသီဟာနု ကျမ်းသစ္စာကျိန်ဆိုသည့်နေ့မှစ၍ အာဏာသက်ဝင်ခဲ့ကာ ယခုထက်တိုင် ကျင့်သုံးလျက်ရှိသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို စတင်ပြဋ္ဌာန်းသည့် အချိန်မှစ၍ ၂၀၂၃ ခုနှစ် အတွင်း ၉ ကြိမ်တိုင်ပြင်ဆင်မှုပြုလုပ်ခဲ့ပါသည်။[၅] ၁၉၉၉ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပြင်ဆင်မှု တွင် အများဆုံးပြင်ဆင်မှုပြုလုပ်ခဲ့သည်။[၆] နောက်ဆုံးအကြိမ်ပြင်ဆင်ခဲ့သော ၂၀၂၁ ခုနှစ်တွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၊ ၈၂၊ ၁၀၆၊ ၁၁၉၊ ၁၂၇ နှင့် နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃ နှင့် ၄ တို့ကို ပြင်ဆင်ခဲ့ ကြောင်းလေ့လာတွေ့ရှိရပါသည်။[၇]

၂၉။ ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် နိုင်ငံတော်အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်း တာဝန်များကို ကောင်းမွန်စွာဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံ ဥပဒေ (Additional Constitution or Addendum) ကို ရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။[၈]

## ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏နိဒါန်း

၃၀။ ကမ္ဘောဒီယားဘုရင့်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင် မိမိတို့သည် ခမာလူမျိုး ဖြစ်သည့်အပြင် ယဉ်ကျေးပြီး ခန့်ညားထည်ဝါသောလူအဖွဲ့အစည်းနှင့် ဥစ္စာခနေပေါကြွယ်ဝပြီး သိက္ခာရှိသောနိုင်ငံဖြစ်သည်။ ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခြင်းမပြုမီ **ဆယ်စုနှစ် ၂ စုတွင် ကြောက်မက်ဖွယ်ကောင်းသော ယိုယွင်းပျက်စီးမှုကို ကြုံတွေ့ခဲ့ကြရသည်။ ထို့ကြောင့် စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘောဒီးယားနယ်မြေကို ကာကွယ်ရန်၊ အချုပ်အခြာအာဏာကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ ယဉ်ကျေးမှုကိုထိန်းသိမ်းရန်နှင့် ဘုရင့်နိုင်ငံတော်ကို ပြန်လည်ဖွဲ့စည်း၍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း** ဖော်ပြထားပါသည်။

၃၁။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေနိဒါန်းတွင် မိမိတို့လူမျိုးများ တွေ့ကြုံ ခံစားခဲ့ရသည့် အခက်အခဲများ၊ နားကြည်းမှုများနှင့် ထိုသို့တွေ့ကြုံခံစားခဲ့ရသည့်အတွက် မိမိတို့ နိုင်ငံကို စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီစနစ်ကို အခြေခံသည့် နိုင်ငံတစ်နိုင်ငံ အဖြစ် တည်ထောင်ရန် ရည်ရွယ်ကြောင်းဖော်ပြထားသကဲ့သို့ ၁၉၉၆ ခုနှစ်၊ တောင်အာဖရိကနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်လည်း ၎င်းတို့၏ခါးသီးသောအတွေ့အကြုံဖြစ်သည့် အသားအရောင် ခွဲခြားမှုကို နောင်တွင်လုံးဝမဖြစ်စေရန် အလားတူရေးသားဖော်ပြထားပါသည်။ ထို့ကြောင့်

---

[၅] https://www.ccc.gov.kh/historyccc_en.php

[၆] နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ (၁)၊ စာ-၉၈။

[၇] Press Release No. 40/2021 G.S.CC. PR of 09 October 2021.

[၈] https://www.ccc.gov.kh/historyccc_en.php

ဖွဲ့စည်းပုံအခြေခံဥပဒေ၏နိဒါန်းတွင် မိမိတို့တွေ့ကြုံခဲ့ရသည့် ခါးသီးသောအတွေ့အကြုံများကို ဖော်ပြလေ့ရှိပြီး၊ နိုင်ငံကိုတည်တံ့ခိုင်မြဲစေရန်မည်သို့ ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်းကိုလည်း ဖော်ပြလေ့ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

၃၂။ ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အချုပ်အခြာအာဏာ၊ ဘုရင်၊ ခမာနိုင်ငံသားများ၏အခွင့်အရေးနှင့်တာဝန်များ၊ နိုင်ငံရေးစနစ်၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးရာ၊ အောက်လွှတ်တော်(အမျိုးသားလွှတ်တော်)၊ အထက်လွှတ်တော်၊ အထက်လွှတ်တော်နှင့်အောက်လွှတ်တော်များ၏ညီလာခံများ၊ တော်ဝင်အစိုးရ၊ တရားစီရင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီ၊ အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်း၊ အမျိုးသားညီလာခံ၊ ရွေးကောက်ပွဲအဖွဲ့၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် သက်ရောက်မှုနှင့် ကူးပြောင်းချိန်ကာလပြဋ္ဌာန်းချက်များဟူ၍ အခန်း ၁၇ ခန်းနှင့် ပုဒ်မပေါင်း ၁၆၀ ခု ပါဝင်ပါသည်။ ထို့ပြင် နိုင်ငံတော်နှင့်ဆိုင်သောအဖွဲ့အစည်းများ၏ ပုံမှန်လုပ်ငန်းများကို သေချာစေရေး ထိန်းကျောင်းရန်အတွက် နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေ (Additional Constitution or Addendum) ကို ထည့်သွင်း ပြဋ္ဌာန်းထားပါသည်။

၃၃။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁ တွင် ကမ္ဘောဒီးယားနိုင်ငံသည် ဘုရင်စနစ်ကျင့်သုံးသည့်နိုင်ငံဖြစ်ပြီး ဘုရင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လစ်ဘရယ် (လွတ်လပ်စွာတွေးခေါ်ခွင့်ပြုသောနိုင်ငံရေးဝါဒ) ပါတီစုံဒီမိုကရေစီအခြေခံသဘောတရားများနှင့်အညီ ၎င်း၏တာဝန်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လွတ်လပ်ပြီး ငြိမ်းချမ်းသော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး ဘက်လိုက်ခြင်းမရှိဘဲ ထာဝရကြားနေနိုင်ငံဖြစ်ကြောင်း ဖော်ပြထားပါသည်။ ပုဒ်မ ၃ တွင် ကမ္ဘောဒီးယားနိုင်ငံသည် ခွဲခြားမရသောနိုင်ငံဖြစ်ကြောင်း ဖော်ပြထားပါသည်။ ပုဒ်မ ၄ တွင် နိုင်ငံ၏ဆောင်ပုဒ်မှာ လူမျိုး၊ ဘာသာ၊ ဘုရင်ဖြစ်ကြောင်းနှင့် ပုဒ်မ ၅ တွင် ခမာစကားသည့် တရားဝင်ဘာသာစကားနှင့် ခမာအက္ခရာသည် တရားဝင်အက္ခရာဖြစ်ကြောင်း ဖော်ပြထားပါသည်။

၃၄။ ထို့ကြောင့် ကမ္ဘောဒီးယားဘုရင်နိုင်ငံသည် မိမိတို့၏ဘုရင်ကို အလေးထားပြီး ငြိမ်းချမ်းရေး ကို ဦးတည်လျက်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**နိုင်ငံဖွဲ့စည်းတည်ဆောက်ပုံ**

၃၅။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံ (Unitary State) ဖြစ်ပါသည်။ ဥပဒေ ပြုရေးအဖွဲ့တွင် အထက်လွှတ်တော် (Senate) နှင့် အမျိုးသားလွှတ်တော် (National Assembly) တို့ပါဝင်သည့် (Bicameral Legislation) ဖြစ်ပါသည်။ အစိုးရစနစ်မှာ ပါလီမန်စနစ်ကို

ကျင့်သုံးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဘုရင်အုပ်ချုပ်သည့်စနစ်ဖြစ်ပါသည်။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ ၁၉၉၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၁ အရ ကမ္ဘောဒီးယားနိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ အာဏာ ၃ ရပ်ကို ပိုင်ခြား ကျင့်သုံးကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၆။ ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံတော်အုပ်ချုပ်ရေးအာဏာကို နိုင်ငံ၏အကြီးအကဲဖြစ်သော ဘုရင်အားလည်းကောင်း၊ ဘုရင်အသစ်ကို ရွေးချယ်တင်မြှောက်ပေးသော တော်ဝင်ကောင်စီအားလည်းကောင်း၊ အစိုးရအဖွဲ့အကြီးအကဲဖြစ်သော ဝန်ကြီးချုပ်အားလည်းကောင်း၊ ဥပဒေပြုရေးအာဏာကို အထက်လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့လည်းကောင်း၊ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်၊ အဆင့်ဆင့်ဖွဲ့စည်းထားသောတရားရုံးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကောင်စီသို့လည်းကောင်း အသီးသီးအပ်နှင်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၃၇။ ပုဒ်မ ၅၁ တွင် ခမာနိုင်ငံသားများသည် နိုင်ငံတော်နှင့် နိုင်ငံတော်၏အာဏာအားလုံးကို ပိုင်ဆိုင်ကြသူများဖြစ်ပြီး ၎င်းတို့၏အာဏာများကို အောက်လွှတ်တော်၊ အထက်လွှတ်တော်၊ တော်ဝင်အစိုးရနှင့် တရားစီရင်ရေးအဖွဲ့များမှတစ်ဆင့် ကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

## ဘုရင်မင်းမြတ်

၃၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၂၊ ပုဒ်မ ၇ မှ ပုဒ်မ ၃၀ အထိတွင် ဘုရင်၏အခန်းကဏ္ဍကို ပြဋ္ဌာန်းထားသည်။ ဘုရင်သည် မင်းပြုအုပ်စိုးပြီး ထီးနန်းကိုပိုင်ဆိုင်သော်လည်း အုပ်ချုပ်မှုအာဏာကို ပိုင်ဆိုင်ခြင်းမရှိပါ။ ဘုရင်သည် နိုင်ငံတော်အကြီးအကဲအဖြစ် တစ်သက်တာတာဝန်ယူထမ်းဆောင်ရသည်။ ဘုရင်ရာထူးကိုဖျက်သိမ်းခွင့်မရှိပေ။[၉]

၃၉။ ဘုရင်သည် လွတ်လပ်ပြီးအချုပ်အခြာအာဏာတည်တံ့ရန်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ နယ်နိမိတ်တည်တံ့ခိုင်မြဲရန်၊ နိုင်ငံသားများ၏အခွင့်အရေးများ ရရှိပိုင်ဆိုင်စေရန်နှင့် အပြည်ပြည်ဆိုင်ရာစာချုပ်များကို လေးစားလိုက်နာရန်အတွက် ထောက်ပံ့ပေးရမည်။ ဘုရင်သည် အများပြည်သူဆိုင်ရာအာဏာများကို ပုံမှန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ အမြင့်ဆုံးစီရင်ပိုင်ခွင့်ရှိသူဖြစ်သည်။[၁၀]

---

[၉] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇

[၁၀] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈ နှင့် ၉

၄၀။ ကမ္ဘောဒီးယားနိုင်ငံ၏ဘုရင်စနစ်သည် ရွေးကောက်ခံစနစ်ဖြစ်ပြီး ဘုရင်သည် ၎င်း၏ ထီးနန်းအမွေဆက်ခံသူကို ခန့်အပ်ခွင့်မရှိပေ။ ဘုရင်နတ်ရွာစံပါက ဘုရင့်ကောင်စီသည် ၇ ရက် အတွင်း ဘုရင်အသစ်ကို ရွေးချယ်တင်မြှောက်ရမည်ဖြစ်သည်။[၁၁] ဘုရင့်ကောင်စီသည် ဘုရင်သစ်ကို ရွေးချယ်ရာ၌ Ang Duong၊ Norodom၊ Sisowath မျိုးနွယ်မှ ဆင်းသက်လာသူ အသက် ၃၀ နှစ်ရှိ တော်ဝင်မိသားစုဝင်တစ်ဦးကို ရွေးချယ်ရမည်ဖြစ်ပါသည်။ ဘုရင်သည် ထီးနန်းကိုမဆက်ခံမီ နောက်ဆက်တွဲ ၄ တွင်ဖော်ပြထားသည့်အတိုင်း ကျမ်းသစ္စာကျိန်ဆို ရမည်ဖြစ်ပါသည်။[၁၂]

၄၁။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၁၉ တွင်ဖော်ပြထားသည့်အတိုင်း ဘုရင်သည် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီ (တော်ဝင်အစိုးရအဖွဲ့) ကို ခန့်အပ်ရမည်။ ဘုရင်သည် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်ကို အစီရင်ခံတင်ပြရန် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီကို ၁ လ လျှင် ၂ ကြိမ် တရားဝင် အခစားဝင်မှုကို ခွင့်ပြုပေးရမည်။[၁၃] ဝန်ကြီးများကောင်စီက ၎င်းထံသို့ တင်ပြလာသည့် သံတမန်များ၊ အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာအဆင့်မြင့် အရာရှိကြီးများအား ခန့်အပ်ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းဆိုင်ရာတော်ဝင်အမိန့်များကို လက်မှတ်ရေးထိုးခြင်းနှင့် အမြင့်ဆုံးတရားသူကြီးများကောင်စီ (Supreme Council of Magistracy)က တင်သွင်းသည့် တရားသူကြီးများ ခန့်အပ်ခြင်း၊ ပြောင်းရွှေ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းဆိုင်ရာတော်ဝင်အမိန့်များကို လက်မှတ်ရေးထိုး ဆောင်ရွက်သည်။ ဘုရင်သည် တော်ဝင်လက်နက်ကိုင်တပ်ဖွဲ့အားလုံး၏ အကြီးအကဲဖြစ်သော်လည်း တပ်ဖွဲ့ကို အမိန့်ပေးကွပ်ကဲရန် စစ်ဦးစီးချုပ်တစ်ဦးကို ခန့်အပ်ရမည်။ ဘုရင်သည် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့၏သဘောတူညီချက်ဖြင့် စစ်ကြေညာခြင်းနှင့် အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ၊ သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုးနိုင်သည်။ ထို့ပြင် ဘုရင်သည် ကမ္ဘောဒီးယားဘုရင့်နိုင်ငံနှင့် သံတမန်ဆက်ဆံမှု ဆောင်ရွက်နေသော နိုင်ငံခြားတိုင်းပြည်များမှ သံတမန်များ၏ခန့်အပ်လွှာကိုလက်ခံနိုင်သည်။ တရားရုံးများမှချမှတ်ထားသော ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခြင်းနှင့် ပြစ်ဒဏ်မှလွတ်ငြိမ်းချမ်းသာခွင့်ပေးနိုင်သည့် အာဏာရှိသည်။ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များပေးအပ်ခြင်းနှင့် ဥပဒေနှင့်အညီ စစ်ဘက်နှင့်အရပ်ဘက် ရာထူးများ တိုးမြှင့်ခန့်အပ်ခြင်းတို့ကိုဆောင်ရွက်နိုင်သည်။[၁၄]

၄၂။ **နိုင်ငံတော်သည် အန္တရာယ်တစ်ခုခုနှင့်ရင်ဆိုင်ကြုံတွေ့ရပါက ဘုရင်သည် ဝန်ကြီးချုပ်၊ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌတို့၏ တညီတညွတ်တည်းသော**

---

[၁၁] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃

[၁၂] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄

[၁၃] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉နှင့် ၂၀

[၁၄] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ မှ ၂၇

**သဘောတူညီချက် (Unanimous Agreemnt) ကိုရယူပြီးနောက် အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။**

၄၃။ ထို့ပြင်ဘုရင်သည် အောက်လွှတ်တော်ကအတည်ပြုသည့်ဥပဒေများ၊ အထက်လွှတ်တော်က စေ့စေ့စပ်စပ်သုံးသပ်ထားသောဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို ဝန်ကြီးများကောင်စီ၏အဆိုပြုချက်အရ ဥပဒေများကို လက်မှတ်ရေးထိုးထုတ်ပြန်ရမည်။ အကယ်၍ဘုရင် နာမကျန်းဖြစ်ခြင်းနှင့် ကျန်းမာရေးအခြေအနေအရ နိုင်ငံရပ်ခြားသို့ဆေးကုသရန်သွားရောက်နေသည့်ကြားကာလအချိန်(Ad interim) တွင် ဥပဒေကိုလက်မှတ်ရေးထိုး ထုတ်ပြန်နိုင်သည့် အာဏာကို ယာယီနိုင်ငံတော်အကြီးအကဲတာဝန်ထမ်းဆောင်နေသူထံ လွှဲအပ်ပေးရမည်။ ထိုသို့တာဝန်လွှဲအပ် ကြောင်းကို အတိအလင်းကြေညာရမည်။[၁၅]

၄၄။ ဘုရင်က မိမိတာဝန်ထမ်းဆောင်နိုင်ခြင်းမရှိသည့် ကြားကာလတွင် အထက်လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်အကြီးအကဲတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။[၁၆]

၄၅။ ကမ္ဘောဒီးယားနိုင်ငံ၏ဘုရင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၂) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များလိုက်နာဆောင်ရွက်ရမည့်အပြင် ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ၌လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လစ်ဘရယ်ပါတီစုံဒီမိုကရေစီအခြေခံသဘောတရားများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်းကို ပုဒ်မ ၁ တွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းကြောင့် ဘုရင်၏အခွင့်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ကျင့်သုံးစေသည့်စည်းမျဉ်းခံဘုရင်စနစ် (Constitutional Monarchy) ကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**ဥပဒေပြုရေး**

၄၆။ ကမ္ဘောဒီးယားနိုင်ငံ၏ဥပဒေပြုရေးအဖွဲ့(ပါလီမန်)တွင် အထက်လွှတ်တော် (Senate) နှင့်အောက်လွှတ်တော် (National Assembly) ဟူ၍ လွှတ်တော် ၂ ရပ်ပါဝင်ပါသည်။ ၁၉၉၉ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းမပြုမီက ကမ္ဘောဒီးယားနိုင်ငံပါလီမန်တွင် လွှတ်တော် ၁ ရပ်သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

၄၇။ **အောက်လွှတ်တော်(National Assembly)။** ကမ္ဘောဒီးယားနိုင်ငံ၏အောက်လွှတ်တော်နှင့်စပ်လျဉ်း၍ ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၇)၊

[၁၅] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ် ၂၈
[၁၆] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ် ၂၈

ပုဒ်မ ၇၆ မှ ပုဒ်မ ၉၈ အထိတွင် ပြဋ္ဌာန်းထားပါသည်။ ကမ္ဘောဒီးယားနိုင်ငံ အောက်လွှတ်တော်ကို ကိုယ်စားလှယ်ဦးရေ ၁၂၀ ဦးဖြင့်ဖွဲ့စည်းထားသည်။ လွှတ်တော်ကိုယ်စားလှယ်များကို နိုင်ငံတစ်ဝန်း လွပ်လပ်ပြီးတရားမျှတသည့် လျှို့ဝှက်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်သည်။ ကမ္ဘောဒီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲများကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ပြီး လက်ရှိအောက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၁၂၅ ဦးဖြင့် ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

၄၈။ အောက်ဖော်ပြပါ အရည်အချင်းနှင့်ပြည့်စုံသူများသည် အောက်လွှတ်တော်ကိုယ်စားလှယ်များ အဖြစ် ရွေးကောက်တင်မြှောက်ပိုင်ခွင့်ရှိပါသည်-

(က) ခမာနိုင်ငံသားအဖြစ် မွေးဖွားခဲ့သူ

(ခ) အနည်းဆုံးအသက် ၂၅ နှစ် ပြည့်ပြီးသူ အမျိုးသား၊ အမျိုးသမီးများ။[၁၇]

၄၉။ တော်ဝင်အစိုးရဝန်ကြီးများကောင်စီတွင် တာဝန်ထမ်းဆောင်နေသူများမှ တစ်ပါး အများပြည်သူဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသူများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသည့်အခြားသောအဖွဲ့အစည်းများတွင် အဖွဲ့ဝင်အဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်နေသူများသည် အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံပိုင်ခွင့်မရှိပါ။[၁၈]

၅၀။ ဥပဒေပြုအောက်လွှတ်တော်၏သက်တမ်းသည် ၅ နှစ်ဖြစ်ပြီး ဥပဒေပြုလွှတ်တော်အသစ်ဖွဲ့စည်းပြီး ၎င်း၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်သည့်နေ့တွင် သက်တမ်းကုန်ဆုံးပါသည်။ အောက်လွှတ်တော်ကို သက်တမ်းမကုန်ဆုံးမီ တော်ဝင်အစိုးရမှ ၁၂ လ အတွင်း နှစ်ကြိမ်တိုင်တိုင် ဆန္ဒမဲပေး၍ ဖြုတ်ချခြင်းမှတစ်ပါး ဖျက်သိမ်းခြင်းမပြုနိုင်ပါ။ ထိုသို့ ဖျက်သိမ်းရာတွင်လည်း ဘုရင်သည် ဝန်ကြီးချုပ်၏အဆိုပြုချက်အရ အောက်လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ဖျက်သိမ်းရမည်ဖြစ်သည်။ အောက်လွှတ်တော်ကို ဖျက်သိမ်းပြီးနောက် ဖျက်သိမ်းသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ ထက်နောက်ကျခြင်းမရှိစေဘဲ အောက်လွှတ်တော်အသစ်ကို ရွေးချယ်တင်မြှောက်ဖွဲ့စည်းရမည်။ ထိုကာလအတွင်း တော်ဝင်အစိုးရသည် အောက်လွှတ်တော်၏ နေ့စဉ်လုပ်ငန်းများအတွက် တာဝန်ခံရမည်ဖြစ်ပါသည်။ **စစ်မက်ဖြစ်ပွားနေသည့်ကာလနှင့် အခြားထူးခြားသောအခြေအနေများတွင် အောက်လွှတ်တော်ကို ရွေးကောက်ဖွဲ့စည်းခြင်းမပြုနိုင်ပါက အောက်လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံက**

[၁၇] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၆

[၁၈] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉

**အတည်ပြု၍ အောက်လွှတ်တော်ကို တစ်ကြိမ်လျှင် တစ်နှစ်ဖြင့် သက်တမ်းတိုးနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။**[၁၉]

၅၁။ အောက်လွှတ်တော်ကိုယ်စားလှယ်များသည် ပါလီမန်ဆိုင်ရာကင်းလွတ်ခွင့်များကို ခံစားခွင့်ရှိသည်။ ပြစ်မှုကျူးလွန်အံ့ဆဲဆဲအမှု (*flagrante delicto*) များမှတစ်ပါး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း သို့မဟုတ် အကျဉ်းချများကို အစည်းအဝေးတစ်ခုနှင့်တစ်ခုကြားကာလတွင် အောက်လွှတ်တော် သို့မဟုတ် အမြဲတမ်းကော်မတီ၏ သဘောတူညီချက်ဖြင့်သာ ဆောင်ရွက်ရမည်။ ထိုသို့ ဖမ်းဆီး ထိန်းသိမ်းရာတွင် အောက်လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ လေးပုံသုံးပုံသော ကိုယ်စားလှယ်အများစု၏ ဆုံးဖြတ်ချက်ဖြင့် အောက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးအား ဖမ်းဆီးထိန်းသိမ်းခြင်းကို ဆိုင်းငံ့ထားနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။[၂၀]

၅၂။ ပထမအကြိမ် အောက်လွှတ်တော်အစည်းအဝေးကို ရွေးကောက်ပွဲကျင်းပပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ဘုရင်ကခေါ်ယူကျင်းပရမည်ဖြစ်သည်။ အောက်လွှတ်တော်သည် ၎င်း၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ခြင်းမပြုမီ ကိုယ်စားလှယ်အားလုံး၏ ဆန္ဒမဲ ထက်ဝက်ကျော်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ငန်းတာဝန်များကို တရားဝင်ကြေညာခြင်း၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်ခြင်းများနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ လွှတ်တော် ကိုယ်စားလှယ်များသည် တာဝန်ထမ်းဆောင်ခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက် တွဲ ၅ တွင်ဖော်ပြထားသည့် စာသားအတိုင်း ကျမ်းသစ္စာကျိန်ဆိုကြရမည်ဖြစ်ကြောင်း တွေ့ရှိ ရပါသည်။[၂၁]

၅၃။ အောက်လွှတ်တော်ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် ၂ ကြိမ်ကျင်းပရမည်ဖြစ်ပြီး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အနည်းဆုံး ၃ လခန့်ကွာဝေးရမည်ဖြစ်သည်။ ဘုရင်၏တောင်းဆိုမှု သို့မဟုတ် ဝန်ကြီးချုပ်၏အဆိုပြုချက် သို့မဟုတ် အောက်လွှတ်တော်ကိုယ်စားလှယ်များ အနက် အနည်းဆုံး ၃ ပုံ ၁ ပုံ၏အဆိုပြုချက်အရ အောက်လွှတ်တော်အမြဲတမ်းကော်မတီ သည် အထူးအစည်းအဝေးခေါ်ယူနိုင်သည်။ ထိုသို့ခေါ်ယူရာတွင် အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် အစည်းအဝေးအစီအစဉ်တို့ကို ပြည်သူများသိရှိစေရန်ဆောလျင်စွာထုတ်ပြန်ရ မည်။ အောက်လွှတ်တော်အစည်းအဝေးများကို ထူးခြားသောအကြောင်းအရာများအတွက် ဆုံးဖြတ်ချက်ချမှတ်ရန်မှတစ်ပါး ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏မြို့တော်တွင်ရှိသည့် အောက်

---

[၁၉] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၈

[၂၀] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၀

[၂၁] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၂

လွှတ်တော်အစည်းအဝေးခန်းမတွင် ကျင်းပရမည်။ နိုင်ငံတော်တွင် အရေးပေါ်အခြေအနေဖြစ်ပွားပါက အောက်လွှတ်တော်အစည်းအဝေးကို နေ့စဉ်ကျင်းပရမည်ဖြစ်ပြီး ယင်းအခြေအနေတွင် အောက်လွှတ်တော်ကို မည်သည့်အကြောင်းနှင့်မျှ ဖျက်သိမ်း၍မရနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ အောက်လွှတ်တော်အစည်းအဝေးများကို အများပြည်သူရှေ့မှောက်တွင် ကျင်းပရမည်။ အောက်လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့် ကြားကာလတွင် အောက်လွှတ်တော်၏ လုပ်ငန်းတာဝန်များကို အမြဲတမ်းကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ပါသည်။[၂၂]

၅၄။ **အောက်လွှတ်တော်ကို တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရန် ဥပဒေပြုအာဏာ အပ်နှင်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။** ထို့ပြင် အောက်လွှတ်တော်သည် နိုင်ငံဘဏ္ဍာငွေများ၊ နိုင်ငံတော်စီမံကိန်းများ၊ ငွားရမ်းမှုများ၊ ချေးငွေများ၊ အမျိုးမျိုးသော ဘဏ္ဍာရေးအာမခံကတိစာချုပ်များနှင့် အခွန်ဖျက်သိမ်းခြင်း၊ သတ်မှတ်ခြင်း သို့မဟုတ် ကောက်ခံခြင်းဆိုင်ရာကိစ္စရပ်များကို မဲခွဲဆုံးဖြတ်နိုင်သည်။ **လွှတ်ငြိမ်းချမ်းသာခွင့်ဥပဒေ၊ အပြည်ပြည်ဆိုင်ရာစာချုပ်များ သို့မဟုတ် သဘောတူညီချက်များကို ဖျက်သိမ်းခြင်း၊ အတည်ပြုခြင်းနှင့် စစ်ကြေညာခြင်းဆိုင်ရာဥပဒေများကို မဲခွဲဆုံးဖြတ်နိုင်သည်။** ထိုသို့ မဲခွဲဆုံးဖြတ်ရာတွင် **အောက်လွှတ်တော်ကိုယ်စားလှယ်အားလုံးအနက် ထက်ဝက်ကျော်၏ ဆန္ဒမဲရရှိရန်လိုအပ်ပါသည်။**[၂၃]

## ဥပဒေမူကြမ်းတင်သွင်းခွင့်ရှိသူများ

၅၅။ အထက်လွှတ်တော်ကိုယ်စားလှယ်များ၊ အောက်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးချုပ်တို့သည် ဥပဒေများကို စတင်တင်သွင်းနိုင်သည်။ ထို့ပြင် အောက်လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေများကို ပြင်ဆင်ရန်အတွက်လည်း အဆိုတင်သွင်းနိုင်သည်။ **သို့ရာတွင် ဥပဒေပြင်ဆင်ရန်တင်သွင်းသည့်အဆိုများသည် ပြည်သူ့များ၏ ဝင်ငွေများကို လျော့ချခြင်း သို့မဟုတ် ပြည်သူ့များကို တာဝန်ပိုမိုများပြားလာစေသော အဆိုများကို တင်သွင်းခွင့်မရှိပါ။**[၂၄]

၅၆။ အောက်လွှတ်တော်မှအတည်ပြုချမှတ်မှုများသည် နိုင်ငံတော်လွှတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏နယ်နိမိတ်တည်တံ့ခိုင်မြဲမှု၊ စည်းလုံးညီညွတ်မှု သို့မဟုတ် အုပ်ချုပ်ရေးဆိုင်ရာစီမံခန့်ခွဲမှုများနှင့်သက်ဆိုင်သည့် အခြေခံမူဝါဒများနှင့် ဆန့်ကျင်

---

[၂၂] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၃နှင့် ၈၄

[၂၃] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၀

[၂၄] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၁

ပါက ပျက်ပြယ်သွားမည်ဖြစ်သည်။ ထိုသို့ကွဲလွဲကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီကသာ ကြေညာနိုင်သည်။[၂၅]

၅၇။ ဥပဒေများကို အောက်လွှတ်တော်က သတ်မှတ်ကြေညာပြီး အထက်လွှတ်တော်ကိုယ်စားလှယ်များမှ သုံးသပ်ပြီးနောက် မြို့တော် ဖနွမ်းပင်မြို့တွင် စတင်ပြဋ္ဌာန်းသည့် နေ့မှစ၍ အာဏာသက်ဝင်မည်ဖြစ်ပြီး စတင်ပြဋ္ဌာန်းသည့်နေ့မှစ၍ ရက်ပေါင်း ၂၀ အတွင်း နိုင်ငံတစ်ဝှမ်းလုံးတွင် အာဏာသက်ဝင်မည်ဖြစ်သည်။ သို့ရာတွင် အရေးကြီးဥပဒေအဖြစ်ပြဋ္ဌာန်းကြောင်းကြေညာပါက ယင်းဥပဒေသည် စတင်ပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံးတွင် အာဏာသက်ဝင်မည်ဖြစ်ပါသည်။ အောက်လွှတ်တော်မှ သတ်မှတ်ပြဋ္ဌာန်းခဲ့သောဥပဒေများကို ဘုရင်မှ လက်မှတ်ရေးထိုး၍ တော်ဝင်ပြန်တမ်းသို့ ထည့်သွင်းကြေညာရမည်ဖြစ်သည်။ ယင်းဥပဒေများသည် တော်ဝင်ပြန်တမ်းသို့ ထည့်သွင်းပြီးနောက် အထက်ဖော်ပြပါ သတ်မှတ်ထားသည့် နေ့ရက်များအတိုင်းအာဏာသက်ဝင်မည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။[၂၆]

၅၈။ ထို့ပြင် အောက်လွှတ်တော်ကိုယ်စားလှယ်များသည် **အောက်လွှတ်တော်ဥက္ကဋ္ဌထံမှ တစ်ဆင့် စာဖြင့်ရေးသား၍ တော်ဝင်အစိုးရသို့ မေးခွန်းများမေးမြန်းပိုင်ခွင့်ရှိသည်။** တော်ဝင်အစိုးရ၏အထွေထွေမူဝါဒနှင့်ဆိုင်သည့် အငြင်းပွားမှုအတွက် မေးမြန်းသည့်မေးခွန်းများဖြစ်ပါက ဝန်ကြီးချုပ်ကိုယ်တိုင်အကြောင်းပြန်ရမည်ဖြစ်သည်။ ထိုသို့မေးခွန်းများမေးမြန်းပါက တော်ဝင်အစိုးရသည် မေးခွန်းများကို လက်ခံရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း အကြောင်းပြန်ရမည်ဖြစ်သည်။ **တော်ဝင်အစိုးရအဖွဲ့ဝင်ကို ရာထူးမှထုတ်ပယ်ခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းကို အောက်လွှတ်တော်ကိုယ်စားလှယ်များသည် ကိုယ်စားလှယ်အားလုံး၏ များရာဆန္ဒမဲဖြင့် မဲခွဲဆောင်ရွက်နိုင်သည်။ တော်ဝင်အစိုးရကို ဆန့်ကျင်သည့်အဆိုတင်သွင်းရာတွင် အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀ ဦးက တင်သွင်းရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။**[၂၇]

၅၉။ အောက်လွှတ်တော်သည် ဥပဒေများကိုစတင်တင်သွင်းခွင့်ရှိသူများက တင်သွင်းလာသောဥပဒေများကို စိစစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြဋ္ဌာန်းဥပဒေများကိုပြင်ဆင်ရန်အဆိုပြုနိုင်ခြင်းနှင့် ဥပဒေများကိုအတည်ပြုနိုင်သည့်အာဏာရှိပါသည်။ ထို့ပြင် အောက်လွှတ်တော်

[၂၅] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၂

[၂၆] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၃

[၂၇] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၆နှင့် ၉၈

နှင့်စပ်လျဉ်း၍ နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ထည့်သွင်းပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၆၀။ **အထက်လွှတ်တော် (Senate)။** ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၈၊ အပိုဒ် ၉၉ မှ ၁၁၅ ထိတွင် အထက်လွှတ်တော်နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားပါသည်။ အထက်လွှတ်တော်သည် တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သတ်မှတ်ပေးထားသော ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပြီး ဥပဒေပြုအာဏာ အပ်နှင်းခံရသည့် ဥပဒေပြုအဖွဲ့ဖြစ်သည်။

၆၁။ အထက်လွှတ်တော်တွင် အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ထက်ဝက်ရှိသောကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်ရမည်။ အထက်လွှတ်တော်ကိုယ်စားလှယ်များကို အမည်စာရင်းတင်သွင်းခြင်းနှင့် သီးသန့်ရွေးကောက်ခြင်းဖြင့် ရွေးကောက်တင်မြှောက်သည်။ အထက်လွှတ်တော်ကိုယ်စားလှယ်များသည် ထပ်မံအမည်စာရင်းတင်သွင်းခြင်းနှင့် ရွေးကောက်ခံနိုင်သည်။

၆၂။ အောက်ဖော်ပြပါအရည်အချင်းနှင့်ပြည့်စုံသူများသည် အထက်လွှတ်တော်ကိုယ်စား လှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိပါသည်-

(က) မွေးရာပါ ခမာနိုင်ငံသားဖြစ်သူ (Khmer Nationality at birth)

(ခ) မဲပေးပိုင်ခွင့်ရှိသူခမာနိုင်ငံသားအမျိုးသား၊ အမျိုးသမီးများ

(ဂ) အသက် ၄၀ နှစ်ပြည့်ပြီးသူ။[၂၈]

၆၃။ အထက်လွှတ်တော်ကိုယ်စားလှယ်များကို အောက်ပါအတိုင်းရွေးကောက်တင်မြှောက်ရမည်-

(က) ဘုရင်မှ ကိုယ်စားလှယ် ၂ ဦး၊

(ခ) အောက်လွှတ်တော်ကိုယ်စားလှယ်များ၏များရာဆန္ဒမဲဖြင့် ကိုယ်စားလှယ် ၂ ဦး၊

(ဂ) ကျန်ရှိသည့်ကိုယ်စားလှယ်များကို သီးသန့်ရွေးကောက်ခြင်း။[၂၉]

၆၄။ အထက်လွှတ်တော်၏သက်တမ်းသည် ၆ နှစ်ဖြစ်ပြီး အထက်လွှတ်တော်အသစ်ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များစတင်ထမ်းဆောင်သည့်နေ့တွင် သက်တမ်းကုန်ဆုံးပါသည်။

---

[၂၈] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၉

[၂၉] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀

စစ်မက်ဖြစ်ပွားနေသည့်ကာလနှင့် အခြားထူးခြားသောအခြေအနေများတွင် အထက်လွှတ်တော်ကို ဘုရင်၏တောင်းဆိုချက်ဖြင့် တစ်နှစ်လျှင်တစ်ကြိမ်သက်တမ်းတိုးနိုင်သည်။ ထိုသို့ သက်တမ်းတိုးခြင်းကို အထက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း သုံးပုံနှစ်ပုံ၏ ထောက်ခံချက်ဖြင့် ကြေညာနိုင်သည်။ အထက်ဖော်ပြပါ အခြေအနေမျိုးတွင် အထက်လွှတ်တော်အစည်းအဝေးကို နေ့စဉ်ကျင်းပရမည်။ နိုင်ငံခြားတိုင်းပြည်များမှစစ်တပ်များ ဝင်ရောက် တိုက်ခိုက်နေသည့် အရေးပေါ်အခြေအနေတွင် အထက်လွှတ်တော်သည် အလိုအလျောက် သက်တမ်းတိုးပြီး ဖြစ်သည်ဟု မှတ်ယူရမည်။[၂၀]

၆၅။ အများပြည်သူဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသူ၊ အောက်လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော အခြားအဖွဲ့အစည်းများ၏အဖွဲ့ဝင်သည် အထက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိသူများဖြစ်ပါသည်။[၂၁]

၆၆။ အထက်လွှတ်တော်ကိုယ်စားလှယ်များသည် ပါလီမန်ဆိုင်ရာကင်းလွတ်ခွင့်များ၊ လစာနှင့် စရိတ်များကို ခံစားခွင့်ရှိသည်။[၂၂]

၆၇။ အထက်လွှတ်တော် ကနဦးအစည်းအဝေးကို ရွေးကောက်ပွဲပြီးသည့်နောက် ရက်ပေါင်း ၆၀ အတွင်း ဘုရင်ကခေါ်ယူကျင်းပရမည်။ အထက်လွှတ်တော်သည် ၎င်း၏လုပ်ငန်းတာဝန်များကို စတင်ဆောင်ရွက်ခြင်းမပြုမီ ကိုယ်စားလှယ်များ၏ လုပ်ပိုင်ခွင့်များကို တရားဝင်သတ်မှတ်ခြင်း၊ အထက်လွှတ်တော်ကိုယ်စားလှယ်အားလုံး၏များရာဆန္ဒမဲဖြင့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မရှင်များ၏အဖွဲ့ဝင်များကို ရွေးချယ်ခြင်းများ ဆောင်ရွက်ရမည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ၇ တွင် ကျမ်းသစ္စာခံယူခြင်းကို ပြုလုပ်ရမည်။[၂၃]

၆၈။ အထက်လွှတ်တော်ပုံမှန်အစည်းအဝေးကို ၁ နှစ်လျှင် ၂ ကြိမ်ကျင်းပရမည်။ အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား အနည်းဆုံး ၃ လ ကွာဝေးရမည်။ သို့ရာတွင် ဘုရင် သို့မဟုတ် ဝန်ကြီးချုပ် သို့မဟုတ် အထက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၃ ပုံ ၂ ပုံ ၏ တောင်းဆိုချက်အရ အထူးအစည်းအဝေးများကို ခေါ်ယူကျင်းပနိုင်သည်။ အထက်လွှတ်တော် အစည်းအဝေးများကျင်းပခြင်းမရှိသည့် ကြားကာလတွင် အထက်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့်

---

[၂၀] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၂
[၂၁] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၃
[၂၂] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၄ နှင့် ၁၀၅
[၂၃] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၆

အထက်လွှတ်တော်ကော်မရှင်များမှ ဥက္ကဋ္ဌများပါဝင်သည့် အမြဲတမ်းကော်မတီသည် အထက်လွှတ်တော်၏ရုံးလုပ်ငန်းများကို စီမံဆောင်ရွက်ရမည်။[34]

၆၉။ အထူးအခြေအနေများမဟုတ်လျှင် အထက်လွှတ်တော်အစည်းအဝေးများကို ကမ္ဘောဒီးယားနိုင်ငံ၏ တော်ဝင်မြို့တော် ဖနွမ်းပင်မြို့ရှိ အထက်လွှတ်တော်ခန်းမတွင်သာ ပြုလုပ်ရမည်။ အထက်လွှတ်တော်ဥက္ကဋ္ဌသည် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အဖွဲ့အစည်းများ၊ ပြည်တွင်းစည်းမျဉ်းစည်းကမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ဥပဒေမူကြမ်းများလက်ခံခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် လွှတ်တော်အစည်းအဝေးများကို ကျင်းပဆောင်ရွက်ရမည်။ အထက်လွှတ်တော်အစည်းအဝေးများကို အများပြည်သူရှေ့မှောက်တွင်ကျင်းပရမည်။ အထက်လွှတ်တော်သည် အောက်လွှတ်တော်နှင့်အစိုးရအကြား ဆက်စပ်ဆောင်ရွက်ရသည့် လုပ်ငန်းများကို ချိတ်ဆက်ဆောင်ရွက်ရန် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၇၀။ အထက်လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေများကိုစတင်သွင်းခွင့်ရှိသော်လည်း ဥပဒေကို တင်သွင်းလိုပါက ရှင်းလင်းသောပုံစံဖြည့်သွင်းရေးသား၍ အောက်လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်သည်။ သို့ရာတွင် အောက်လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့သော ဥပဒေများကို စေ့စေ့စပ်စပ်လေ့လာသုံးသပ်ပြီးနောက် ဝန်ကြီးများကောင်စီသို့ပေးပို့၍ ဘုရင်က လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

၇၁။ **ဥပဒေပြုညီလာခံ (Congress)။ နိုင်ငံ၏အရေးကြီးသောပြဿနာများကို ဖြေရှင်းရန် လိုအပ်သောကိစ္စရပ်များတွင်** အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့သည် ဥပဒေပြုညီလာခံကို ကျင်းပနိုင်သည်။ ညီလာခံ၏လုပ်ငန်းတာဝန်နှင့် အဖွဲ့အစည်းများကို ဥပဒေနှင့်အညီ သတ်မှတ်ရမည်။

**အုပ်ချုပ်ရေး**

၇၂။ **တော်ဝင်အစိုးရ။** ဝန်ကြီးများကောင်စီသည် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ တော်ဝင်အစိုးရအဖွဲ့ဖြစ်ပါသည်။ ဝန်ကြီးများကောင်စီကို ဝန်ကြီးချုပ်မှဦးဆောင်ပြီး ဒုတိယဝန်ကြီးချုပ်၊ ဝါရင့်ဝန်ကြီးများ၊ ဝန်ကြီးများနှင့် အတွင်းဝန်များသည် အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားပါသည်။ ၎င်းတို့သည် တာဝန်များကို မထမ်းဆောင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေ နောက်ဆက်တွဲ ၆ တွင် ရေးသားဖော်ပြထားသည့်အတိုင်း ကျမ်းသစ္စာကျိန်ဆိုရမည် ဖြစ်ပါသည်။ ကုန်သွယ်လုပ်ငန်းများနှင့် စက်မှုလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နေကြသူများနှင့် အများပြည်သူဆိုင်ရာ လုပ်ငန်း

[34] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၇နှင့် ၁၀၈

တာဝန်များကို ရာထူးတစ်နေရာရာဖြင့် တာဝန်ထမ်းဆောင်နေသူများသည် ဝန်ကြီးများကောင်စီတွင် တာဝန်ထမ်းဆောင်ရန် အရည်အချင်းကိုက်ညီမှုမရှိပေ။ တော်ဝင်အစိုးရအဖွဲ့ဝင်များအားလုံးသည် အထွေထွေမူဝါဒများအတွက် အောက်လွှတ်တော်ကို တာဝန်ခံရမည်။

၇၃။ တော်ဝင်အစိုးရသည် စုံညီအစည်းအဝေး သို့မဟုတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အပတ်စဉ်ကျင်းပရမည်ဖြစ်ပါသည်။ စုံညီအစည်းအဝေးကို ဝန်ကြီးချုပ်မှ သဘာပတိအဖြစ်ဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်ကြီးချုပ်သည် ဒုတိယဝန်ကြီးချုပ်ကို လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်စေနိုင်သည်။ ဝန်ကြီးများကောင်စီအစည်းအဝေး မှတ်တမ်းများအားလုံးကို ဘုရင်ထံသို့တင်ပြရမည်ဖြစ်သည်။ တော်ဝင်အစိုးရအဖွဲ့၏အဖွဲ့ဝင်များသည် မိမိတို့၏တာဝန်ဝတ္တရားများကို ထမ်းဆောင်နေစဉ်တွင် ပြစ်မှုဖြင့်စွဲချက်တင်နိုင်လောက် သည့် ရာဇဝတ်ကြီးမှုနှင့် ရာဇဝတ်အထွေထွေမှုများအတွက် ပြစ်မှုကြောင်းအရ စွဲဆိုခံရမည်ဖြစ်သည်။ တော်ဝင်အစိုးရအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးဦးသည် ကြီးလေးသောပြစ်မှုများကို ကျူးလွန်ပါက အောက်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်အားလုံးအနက်မှ များရာဆန္ဒမဲဖြင့် ၎င်း၏လုပ်ပိုင်ခွင့်များကို ရုပ်သိမ်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

၇၄။ **အမျိုးသားညီလာခံ (National Congress)။** ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၇ အရ အမျိုးသားညီလာခံတစ်ရပ်ကို တစ်နှစ်လျှင်တစ်ကြိမ် ဝန်ကြီးချုပ်ကခေါ်ယူကျင်းပနိုင်ပြီး ဘုရင်က ကြီးကြပ်ကွပ်ကဲနိုင်သည်။ နိုင်ငံသားအားလုံးသည် ညီလာခံကို တက်ရောက်ခွင့်ရှိပြီး ထိုသို့ တက်ရောက်စေခြင်းမှာ နိုင်ငံတော်၏အကျိုးစီးပွားနှင့် သက်ဆိုင်သည့်အကြောင်းကိစ္စများကို သိရှိနိုင်ရန်နှင့် အာဏာပိုင်များ၊ ဥပဒေပြုအဖွဲ့များက တင်သွင်းသော အဆိုပြုချက်များကို စဉ်းစား သုံးသပ်နိုင်ရန်ဖြစ်သည်။[၃၅]

## တရားစီရင်ရေး

၇၅။ တရားစီရင်ရေးအာဏာကို တရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သောတရားရုံးများတွင်အပ်နှင်းထားကြောင်းနှင့် တရားရုံးများသည် တရားစီရင်ရေးအာဏာကို လွတ်လပ်စွာကျင့်သုံးဆောင်ရွက်ရမည်ဖြစ်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၂၈ တွင် ပြဋ္ဌာန်းထားပါသည်။ တရားသူကြီးများကို တရားစီရင်ရေးဆိုင်ရာလုပ်ငန်းတာဝန်များကို အပ်နှင်းထားပြီး တရားသူကြီးများသည် ဥပဒေကိုလေးစားလိုက်နာပြီး ရိုသားစွာဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

[၃၅] နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန် အတွဲ(၁)၊ စာ-၉၈

၇၆။ တရားစီရင်ရေးအာဏာ၏လွတ်လပ်မှုကို ဘုရင်က အာမခံပေးရမည်ဖြစ်ပြီး ဘုရင်ကို အမြင့်ဆုံးတရားသူကြီးများကောင်စီ (Supreme Council of Magistracy) မှ ကူညီထောက်ပံ့ပေးရမည်။ တရားသူကြီးများကို ရာထူးမှ ဖယ်ရှားခြင်းမပြုနိုင်ပေ။ သို့ရာတွင် တာဝန်ပျက်ကွက်သည့် တရားသူကြီးများအား စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာအရေးယူပိတ်ဆို့မှုများကို အမြင့်ဆုံး တရားသူကြီးများကောင်စီ (Supreme Council of Magistracy)မှ ထုတ်ပြန်ကြေညာနိုင်သည်။ ဘုရင်သည် ၎င်းကိုယ်စား ကိုယ်စားလှယ်တစ်ဦးကို အမြင့်ဆုံးတရားသူကြီးများကောင်စီ ဥက္ကဋ္ဌ အဖြစ် ခန့်အပ်နိုင်သည်။

၇၇။ အမြင့်ဆုံးတရားရေးကောင်စီသည် တရားသူကြီးများနှင့် အမှုစစ်အရာရှိများကို ခန့်အပ်ရန်အတွက် ဘုရင်ထံသို့အဆိုပြုတင်ပြရမည်။ တရားသူကြီးများနှင့် အမှုစစ်အရာရှိများကို စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူပိတ်ဆို့မှုများပြုလုပ်မည်ဆိုပါက တရားလွှတ်တော်ချုပ် ဥက္ကဋ္ဌနှင့် အမှုစစ်အရာရှိချုပ် ရှေ့မှောက်တွင် ဆောင်ရွက်ရမည်။

၇၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာဥပဒေ ပုဒ်မ ၁၁၄ တွင် တရားသူကြီးများကို ရာထူးမှ ဖယ်ထုတ်မရကြောင်း၊ ပုဒ်မ ၁၃၀ တွင် ဥပဒေပြုရေးအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့များသည် တရားစီရင်ရေးအာဏာကို ကျင့်သုံးခွင့်မရှိကြောင်းနှင့် ပုဒ်မ ၁၃၂ တွင် တရားစီရင်ရေးမဏ္ဍိုင်၏ လွတ်လပ်စွာတည်ရှိနိုင်မှုကို ဘုရင်ကအာမခံပေးရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည့်အတွက် ကမ္ဘောဒီးယားနိုင်ငံသည် ဘုရင်စနစ်ကို ကျင့်သုံးသောလည်း အာဏာကြီး ၃ ရပ်ကို ပိုင်းခြားကျင့်သုံးကြောင်း လေ့လာတွေ့ရှိရပါသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ**

၇၉။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ နှင့်စပ်လျဉ်း၍ အခန်း ၁၂၊ ပုဒ်မ ၁၃၆ မှ ၁၄၆ အထိ ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီတွင် **အဖွဲ့ဝင် ၉ ဦး**ပါဝင်ပြီး ၎င်းတို့ကို တော်ဝင်အမိန့်ဖြင့်ခန့်အပ်ရပါသည်။ ၎င်းတို့ကို **ဘုရင်မှ ၃ ဦး၊ အမြင့်ဆုံးတရားသူကြီးများကောင်စီမှ ၃ ဦးနှင့် အောက်လွှတ်တော်မှ ၃ ဦး** ရွေးချယ် ကြောင်း လေ့လာတွေ့ရှိရပါသည်။ **အဖွဲ့ဝင်များ၏သက်တမ်းသည် ၉ နှစ်ဖြစ်သည်။** ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကောင်စီအဖွဲ့ဝင် **၃ ပုံ ၁ ပုံကို ၃ နှစ်တစ်ကြိမ် အစားထိုးရမည်။** ထိုသို့ အစားထိုးသည့် အဖွဲ့ဝင် ၃ ဦးနေရာတွင် **ဘုရင်မှ ၁ ဦး၊ အမြင့်ဆုံးတရားသူကြီးများ ကောင်စီမှ ၁ ဦးနှင့် အောက်လွှတ်တော်မှ ၁ ဦးရွေးချယ်ပေးရမည်။** ထိုသို့အစားထိုးခန့်အပ်ခြင်းခံရသည့် အဖွဲ့ဝင်များသည် ပြန်လည်ရွေးကောက်ခံနိုင်သည်။

၈၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီအဖွဲ့ဝင်များကို အောက်ဖော်ပြပါ အရည်အချင်းများနှင့်ပြည့်စုံသူများကို ရွေးချယ်ခန့်အပ်ရမည်-

(က) မွေးရာပါခမာနိုင်ငံသားဖြစ်သူ (Khmer by Birth)၊

(ခ) အနည်းဆုံး အသက် ၄၅ နှစ် ပြည့်ပြီးသူ၊ သို့မဟုတ်

(ဂ) သက်ဆိုင်ရာနယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး ၁၅ နှစ် ရှိသူ၊

(ဃ) ဥပဒေ၊ အုပ်ချုပ်ရေး၊ သံတမန်ရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ ဘွဲ့ရရှိသူ။

၈၁။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥက္ကဋ္ဌကို ၃ နှစ်လျှင် ၁ ကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီအဖွဲ့ဝင်များအားလုံးအနက် များရာဆန္ဒမဲဖြင့်ရွေးချယ်ရမည်။ ရာထူးမှ နုတ်ထွက်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥက္ကဋ္ဌကို ဥက္ကဋ္ဌအဖြစ် ပြန်လည်ခန့်အပ်နိုင်သည်။

၈၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီအဖွဲ့ဝင်များသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များ မဖြစ်ရပါ-

(က) အထက်လွှတ်တော်ကိုယ်စားလှယ်၊

(ခ) အောက်လွှတ်တော်ကိုယ်စားလှယ်၊

(ဂ) တော်ဝင်အစိုးရအဖွဲ့၊ အဖွဲ့ဝင်

(ဃ) ရုံးထိုင်တရားသူကြီး

(င) ပြည်သူ့ဝန်ထမ်း

(စ) နိုင်ငံရေးပါတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ

(ဆ) ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ[၃၆]

၈၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မိမိတို့လုပ်ငန်းတာဝန်များကို ဆောင်ရွက်နေစဉ် အခြားသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် အခြားသောလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

---

[၃၆] ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၉

၈၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အောက်လွှတ်တော်က အတည်ပြုပြဋ္ဌာန်းသည့် ဥပဒေများ၊ အထက်လွှတ်တော်မှ တိတိကျကျပြန်လည်သုံးသပ်ထားသော ဥပဒေများကို အနက်အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် အထက်လွှတ်တော်ကိုယ်စားလှယ်များနှင့် အောက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို လေ့လာသုံးသပ်နိုင်သည့်အခွင့်အရေးရှိသည်။[၃၇]

၈၅။ အောက်လွှတ်တော်မှ ချမှတ်ရေးဆွဲသည့် ဥပဒေများကို ထုတ်ပြန်ခြင်းမပြုမီ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ စစ်ဆေးနိုင်ရန် ပေးပို့နိုင်သည်-

(က) ဘုရင်

(ခ) ဝန်ကြီးချုပ်

(ဂ) အောက်လွှတ်တော်ဥက္ကဋ္ဌ

(ဃ) အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၁၀ ပုံ ၁ ပုံ

(င) အထက်လွှတ်တော်ဥက္ကဋ္ဌ

(စ) အထက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၄ ပုံ ၁ ပုံ။

၈၆။ ထို့ပြင် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့၏ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းသည့်ဥပဒေများကို ပြဋ္ဌာန်းခြင်းမပြုမီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ ပေးပို့စစ်ဆေးရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ပေးပို့လာသော လုပ်ထုံးလုပ်နည်း ၊ နည်းဥပဒေများကို စိစစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိမရှိကို ပေးပို့လာသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း ထုတ်ပြန်ပေးရမည်။ [၃၈]

၈၇။ အကယ်၍ ဥပဒေတစ်ရပ်သည် ပြဋ္ဌာန်းပြီးဖြစ်ပါက အောက်ဖော်ပြပုဂ္ဂိုလ်များသည် ယင်းဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြန်လည်စစ်ဆေးပေးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့ တောင်းဆိုနိုင်သည်-

(က) ဘုရင်

---

[၃၇] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၆

[၃၈] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၀

(ခ) အထက်လွှတ်တော်ဥက္ကဋ္ဌ

(ဂ) အောက်လွှတ်တော်ဥက္ကဋ္ဌ

(ဃ) ဝန်ကြီးချုပ်၊

(င) အထက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၄ ပုံ ၁ ပုံ

(စ) အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၁၀ ပုံ ၁ ပုံ။

၈၈။ နိုင်ငံသားများသည် ဥပဒေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိကြောင်းကို အထက်တွင်ဖော်ပြခဲ့သည့် ပုဂ္ဂိုလ်များမှတစ်ဆင့် တင်သွင်းနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီမှ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း ထုတ်ပြန်ကြေညာပါက ယင်းပြဋ္ဌာန်းချက်ကို ပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းပြုနိုင်မည်မဟုတ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီ၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်ဖြစ်သည်။[၃၉]

၈၉။ ဘုရင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အဆိုပြုချက်နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီနှင့် တိုင်ပင်ဆွေးနွေးနိုင်သည်။[၄၀]

၉၀။ သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ဥပဒေများကို ပြဋ္ဌာန်းခြင်းမပြုမီကဖြစ်စေ၊ ပြဋ္ဌာန်းပြီးဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ-မရှိ စိစစ်သုံးသပ်ခြင်းဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကာကွယ်ပေးသည့်အတွက် **ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်သည့် အဖွဲ့အစည်း (Safeguarding Body of the Constitution) ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။**

## ရွေးကောက်တင်မြှောက်ခြင်း

၉၁။ ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၅ ပုဒ်မ ၁၅၀ နှင့် ၁၅၁ တို့တွင် ပြဋ္ဌာန်းထားပါသည်။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော် ကိုယ်စားလှယ်များ၊ အောက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းနှင့် အခြားသောရွေးကောက်ပွဲများကို ဥပဒေနှင့်အညီ ကျင်းပဆောင်ရွက်ရန်အတွက် အမျိုးသားရွေးကောက်ပွဲကော်မတီကို လုပ်ပိုင်ခွင့်အာဏာအပ်နှင်းထားပါသည်။ အမျိုးသားရွေးကောက်ပွဲကော်မတီသည် လစ်ဘရယ် (လွတ်လပ်စွာတွေးခေါ် ခွင့်ပြုသော

---

[၃၉] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁နှင့် ၁၄၂

[၄၀] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၃

နိုင်ငံရေးဝါဒ) ပါတီစုံဒီမိုကရေစီအခြေခံသဘောတရားများနှင့်အညီ ၎င်း၏လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပရမည်ဖြစ်ပါသည်။

၉၂။ အမျိုးသားရွေးကောက်ပွဲကော်မတီကို အဖွဲ့ဝင် ၉ ဦးဖြင့် ၅ နှစ်သက်တမ်းအတွက် ဖွဲ့စည်းရမည်ဖြစ်ပါသည်။ အဖွဲ့ဝင် ၄ ဦးအား တော်ဝင်အစိုးရကို ဦးဆောင်သည့် နိုင်ငံရေးပါတီမှခန့်အပ်ပြီး အဖွဲ့ဝင် ၄ ဦးကို အောက်လွှတ်တော်ကိုယ်စားလှယ်နေရာများတွင် ရွေးကောက်ခံရသည့် နိုင်ငံရေးပါတီများမှ ခန့်အပ်သည်။ ကျန် ၁ ဦးကို အောက်လွှတ်တော်ရှိ ကိုယ်စားလှယ်နေရာများတွင် ရွေးကောက်ခံရသော ပါတီအားလုံး၏ သဘောတူညီချက်ဖြင့် ခန့်အပ်ရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ရွေးကောက်ပွဲကော်မတီအဖွဲ့ဝင်များစာရင်းကို အောက်လွှတ်တော်အမြဲတမ်းကော်မတီသည် အောက်လွှတ်တော်သို့တင်သွင်းရမည်ဖြစ်ပြီး အောက်လွှတ်တော်ကိုယ်စားလှယ်အားလုံးအနက်မှ အများစု၏ထောက်ခံမဲဖြင့် ဆုံးဖြတ်ရမည်ဖြစ်သည်။ အမျိုးသားရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များကို တော်ဝင်အမိန့်စာ (Royal Decree) ဖြင့် ခန့်အပ်ရမည် ဟုပြဋ္ဌာန်းထားပါသည်။ အမျိုးသားရွေးကောက်ပွဲကော်မတီအဖွဲ့ဝင် ရာထူးတစ်နေရာ လစ်လပ် သွားပါက အောက်လွှတ်တော်အမြဲတမ်းကော်မတီသည် ရာထူးလစ်လပ်သည့် နေ့မှစ၍ ၁၅ ရက် အတွင်း အဖွဲ့ဝင်သစ်တစ်ဦးကို ရွေးချယ်ခန့်အပ်ရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၉၃။ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ အမျိုးသားရွေးကောက်ပွဲကော်မတီအဖွဲ့ဝင်များကို ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များမှသာ ရွေးချယ်ကြောင်းနှင့် တရားစီရင်ရေးအဖွဲ့မှ ရွေးချယ်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်း

၉၄။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၁၆၊ အပိုဒ် ၁၅၂ မှ ၁၅၅ အထိ တွင်ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ အမြင့်ဆုံးဥပဒေဖြစ်ပြီး ပြည်နယ်အဆင့်အဖွဲ့အစည်းများအားလုံး၏ ဥပဒေနှင့် ဆုံးဖြတ်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၉၅။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းပြုလုပ်ရန် စတင်တင်သွင်းခြင်းကို ဘုရင် သို့မဟုတ် ဝန်ကြီးချုပ် သို့မဟုတ် အောက်လွှတ်တော်ဥက္ကဋ္ဌသည် အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံတစ်ပုံသော ကိုယ်စားလှယ်များ၏ အဆိုပြုချက်ဖြင့်ဆောင်ရွက်ပြီး ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြင်ဆင်ချက်ကို အောက်လွှတ်တော်

ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံနှစ်ပုံသော ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့်ဆောင်ရွက်ရမည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၈၆ အရ နိုင်ငံတော်အရေးပေါ် အခြေအနေကျရောက်နေသည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းပြုလုပ်မှုကို တားမြစ်ထားပါသည်။ လစ်ဘရယ် (လွတ်လပ်စွာတွေးခေါ် ခွင့်ပြုသော နိုင်ငံရေးဝါဒ) ပါတီစုံဒီမိုကရေစီစနစ်နှင့် ဘုရင်စနစ်ကို ထိခိုက်စေမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းများမပြုလုပ်နိုင်ပေဟု ပြဋ္ဌာန်းထားပါသည်။[၆၁]

၉၆။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်ခြင်းသည် လစ်ဘရယ် (လွတ်လပ်စွာတွေးခေါ်ခွင့်ပြုသော နိုင်ငံရေးဝါဒ) ပါတီစုံဒီမိုကရေစီစနစ်နှင့် ဘုရင်စနစ်ကို ထိခိုက်စေသည့် အကြောင်းကိစ္စရပ်မျိုးဖြစ်ပါက ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်မည်မဟုတ်ပေ။ **သို့ဖြစ်၍ ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၅၅ ပါ ပြဋ္ဌာန်းချက်သည် ပြင်ဆင်၍မရနိုင်သည့် (Unamendable Clause) အဖြစ် နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံ (Basic Structure) ကို ထိန်းသိမ်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။**

၉၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ဖွဲ့စည်း ပုံအခြေခံဥပဒေပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်း (၅ ပုံ ၁ ပုံ) ကတင်ပြရမည်ဖြစ်ပြီး ကမ္ဘောဒီးယားဘုရင့်နိုင်ငံတွင်မူ အောက်လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၂၅ ရာခိုင်နှုန်း (၄ ပုံ ၁ ပုံ) ကအဆိုပြုတင်ပြရမည်ဖြစ်သည်။ ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ တွင် ဖော်ပြထားသော ကိစ္စရပ်များကို ပြင်ဆင်လိုခြင်းဖြစ်ပါက ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်း (၄ ပုံ ၃ ပုံ) ကျော်က သဘောတူလက်ခံပြီး ပြည်လုံး ကျွတ်ဆန္ဒခံယူပွဲ (Referendum) ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားသော်လည်း ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အောက်လွှတ်တော် ကိုယ်စားလှယ်စုစုပေါင်း၏ ၃၃ ရာခိုင်နှုန်း (၃ ပုံ ၂ ပုံ) သော ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့် ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုလုပ်နိုင်ကြောင်း လေ့လာတွေ့ရှိရ သည့်အတွက် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြင်ဆင်ရန်လွယ်ကူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (Flexible Constitution) ဖြစ်ပါသည်။

---

[၆၁] ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၂ မှ ၁၅၅

## နိုင်ငံသားများ၏အခွင့်အရေးနှင့်တာဝန်များ

၉၈။ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့်တာဝန်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ၃၊ အပိုဒ် ၃၁ မှ အပိုဒ် ၅၀ ထိတွင်ပြဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကမ္ဘောဒီယားဘုရင့်နိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်း၊ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများအခွင့်အရေးနှင့် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့်စာချုပ်များ၊ သဘောတူညီချက်များကို လေးစားလိုက်နာ ထိန်းသိမ်းသွားမည်ဖြစ်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၁ တွင် ပြဋ္ဌာန်းထားပါသည်။

၉၉။ နိုင်ငံသားများ၏အခွင့်အရေးများတွင် လူမျိုး၊ အသားအရောင်၊ ဘာသာအယူဝါဒ၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှု၊ နိုင်ငံရေးယုံကြည်မှု၊ မူလမျိုးနွယ်စု၊ လူမှုဘဝနေထိုင်မှု၊ သို့မဟုတ် အခြားသောအခြေအနေ အဆင့်အတန်းများအပေါ် ထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဥပဒေရှေ့မှောက်တွင် သာတူညီမျှရရှိခြင်းနှင့် တူညီသော အခွင့်အရေးများ၊ လွတ်လပ်ခွင့်များနှင့် တာဝန်များကို ရရှိခံစားပိုင်ခွင့်ရှိသည်။ သို့ရာတွင် အခွင့်အရေးများ လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ဆိုးရွားစွာထိခိုက်စေခြင်းမရှိစေရသည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုရှိရမည် ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။

၁၀၀။ ထိန်းသိမ်းခံရသူများနှင့် အကျဉ်းသားများအား အကျပ်ကိုင်ခြင်းနှင့် ခံရခက်သည့်ပြစ်ဒဏ်များကို ချမှတ်ခြင်းမပြုရန်၊ လွတ်လပ်စွာနေထိုင်ခွင့်၊ ရွှေ့ပြောင်းသွားလာခွင့်၊ ခရီးသွားလာခွင့်၊ ဥပဒေနှင့်အညီပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ ယူဆခွင့်၊ ထုတ်ဝေခွင့်၊ ဥပဒေဘောင်အတွင်းမှ လွတ်လပ်စွာ ဆန္ဒပြခြင်းနှင့် သပိတ်မှောက်ခွင့်၊ အလုပ်အကိုင်ရယူပိုင်ခွင့်များကိုလည်းပေးအပ်ထားသည်ကို တွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၃ တွင် နိုင်ငံတော်၏ကိုးကွယ်ရာဘာသာသည် ဗုဒ္ဓဘာသာဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။

၁၀၁။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၃၄ တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူ ခမာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများသည် မဲပေးပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ အသက် ၂၅ နှစ် ပြည့်ပြီးသူ ခမာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများသည် အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်ခံနိုင်သည်ဟုလည်းကောင်း၊ အသက် ၄၀ နှစ်ပြည့်ပြီးသူ ခမာနိုင်ငံသား အမျိုးသား၊ အမျိုးသမီးများသည် အထက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံနိုင်သည်ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။ ထို့ပြင် အပိုဒ် ၄၀ တွင် အီးမေးလ်၊ တယ်လီဂရမ်၊

တယ်လီဖုန်းစသည့် လူမှုကွန်ရက်များနှင့် ဆက်သွယ်သည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များ၏လုံခြုံရေးကိုလည်း အာမခံပေးထားသည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏အခွင့်အရေးများကို အကာအကွယ်ပေးထားသည့် အခြေခံအခွင့်အရေးများကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

**နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေ (Additional Constitution or Addendum)**

၁၀၂။ နိုင်ငံတော်ရှိအစိုးရအဖွဲ့အစည်းများသည် လစ်ဘရယ်ပါတီစုံဒီမိုကရေစီအခြေခံမှုများကို လေးစားလိုက်နာပြီး လုပ်ငန်းတာဝန်များကို ကောင်းမွန်စွာဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့တွင် ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။[၄၂] ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မပေါင်း ၇ ခုပါဝင်ပါသည်။

၁၀၃။ အောက်လွှတ်တော်သည် ၎င်း၏လုပ်ငန်းတာဝန်များကိုမစတင်မီ ကိုယ်စားလှယ်တစ်ဦးချင်းစီ၏တာဝန်များကို အတည်ပြုသတ်မှတ်ပြီးမှသာ ပုဒ်မ ၁ တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်အတိုင်း လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။[၄၃]

၁၀၄။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၂ နှင့် ၁၁၉ ပါ လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပါက အောက်လွှတ်တော်သည် နိုင်ငံရေးပါတီအများစု၏ အဆိုပြုချက်အရ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အသီးသီး၏ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများကို ရွေးချယ်ခန့်အပ်နိုင်သည်။ ထို့ပြင် တော်ဝင်အစိုးရနှင့်စပ်လျဉ်း၍လည်း ထောက်ခံမဲများပေးပို့နိုင်သည်။[၄၄] ထို့ပြင် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ၏စာရင်းကို ရှင်းလင်းဖော်ပြခြင်းနှင့် ထောက်ခံမဲပေးခြင်းများအတွက် စီစဉ်ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြဋ္ဌာန်းထားသည်။[၄၅]

၁၀၅။ ထို့ပြင် နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေသည် ချက်ချင်းအာဏာတည်ရမည့် ဥပဒေ ဖြစ်ကြောင်းကိုလည်းထည့်သွင်းဖော်ပြထားပါသည်။[၄၆]

၁၀၆။ ထို့ကြောင့် နောက်ဆက်တွဲဖွဲ့စည်း ပုံအခြေခံဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၃ အရ စတင်ပြဋ္ဌာန်းသည့် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှစ၍ နိုင်ငံတစ်ဝှမ်းလုံးတွင် အာဏာသက်ဝင်မည်ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။

---

[၄၂] နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁
[၄၃] နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂
[၄၄] နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃
[၄၅] နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄
[၄၆] နောက်ဆက်တွဲဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇

**နိဂုံး**

၁၀၇။ ကမ္ဘောဒီးယားဘုရင်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (Written Constitution) ဖြစ်ပြီး ပြင်ဆင်ရန် လွယ်ကူသော ဖွဲ့စည်းပုံအခြေခံဥပဒေ (Flexible Constitution) ဖြစ်ပါသည်။ ကမ္ဘောဒီးယားဘုရင်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အမြင့်ဆုံးဥပဒေ (Supreme Law) နှင့် နိုင်ငံသားများအတွက် ပေးအပ်ထားသည့် အခြေခံအခွင့်အရေးများ၏ မူလအရင်းအမြစ်ဖြစ်ပါသည်။ နိုင်ငံ၏သမိုင်းကြောင်းအရ နိုင်ငံရေးအလှည့်အပြောင်း၊ အရှုပ်အထွေးများ များစွာဖြစ်ပွားခဲ့ပြီး ခါးသီးသောအတွေ့အကြုံများ ထပ်မံကြုံတွေ့ခြင်းမရှိစေရန် ဘုရင်၊ အစိုးရနှင့် ပြည်သူများသည် လစ်ဘရယ်ပါတီစုံ ဒီမိုကရေစီစနစ်ကို အခြေခံ၍ နိုင်ငံတိုးတက်ရေးကို ရှေးရှုတည်ဆောက်ထားကြောင်းလေ့လာတွေ့ရှိရပါသည်။

၁၀၈။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံ၏အချုပ်အခြာအာဏာသည် ပြည်သူများထံတွင် တည်ရှိပြီး ပြည်သူများသည် ယင်းအချုပ်အခြာအာဏာကို ဘုရင်၊ ဝန်ကြီးချုပ်၊ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်များမှတစ်ဆင့် ကျင့်သုံးဆောင်ရွက်ရမည်ကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံ၏အချုပ်အခြာအာဏာ ၃ ရပ်ဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ပိုင်းခြားကျင့်သုံးသော်လည်း အပြန်အလှန်ထိန်းကျောင်းမှုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

၁၀၉။ ကမ္ဘောဒီးယားနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်၊ အောက်လွှတ်တော်ကိုယ်စားလှယ်များနှင့် အထက်လွှတ်တော်ကိုယ်စားလှယ်တို့သည် ဥပဒေမူကြမ်းကိုစတင်တင်သွင်းခွင့် ရှိသူများဖြစ်ကြသည်။ သို့သော် ၎င်းတို့သည် ဥပဒေမူကြမ်းစတင်တင်သွင်းလိုပါက အောက်လွှတ်တော် သို့သာတင်သွင်းရမည်ဖြစ်သည်။ ထို့ကြောင့် အထက်လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေမူကြမ်း ၁ ရပ် တင်သွင်းလိုပါက အောက်လွှတ်တော် သို့သာပေးပို့ရမည်ဖြစ်သည်။ အောက်လွှတ်တော်က စိစစ်အတည်ပြုခဲ့သော ဥပဒေများကို အထက်လွှတ်တော်က ပြန်လည်သုံးသပ်၍ အငြင်းပွားမှုမရှိပါက ဝန်ကြီးချုပ်မှတစ်ဆင့် ဘုရင်ထံသို့ ပေးပို့အတည်ပြုလက်မှတ်ရေးထိုးရမည်။ ဥပဒေများကိုစိစစ်ရာတွင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်အကြား အငြင်းပွားမှု ပေါ်ပေါက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီ သို့ပေးပို့၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြန်လည်သုံးသပ်မှုကို ဆောင်ရွက်ရမည်။ ထို့နောက် အောက်လွှတ်တော်သည် ဝန်ကြီးချုပ်ထံပေးပို့၍ ဘုရင်ထံသို့အတည်ပြု လက်မှတ်ရေးထိုးပြဋ္ဌာန်းရမည်ဖြစ်သည်။

၁၁၀။ ၁၉၉၃ ခုနှစ်၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲကျင်းပခြင်းမရှိဘဲ UNCAT အဖွဲ့က ကြီးမှူးဖွဲ့စည်းခဲ့သည့် Constituent

Assembly တွင်ပါဝင်သည့် အဖွဲ့ဝင်များ၏ဆန္ဒမဲကိုသာရယူပြဌာန်းခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ခုဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်းပြုလုပ်ရန် စတင်တင်သွင်းခြင်းကို ဘုရင် သို့မဟုတ် ဝန်ကြီးချုပ် သို့မဟုတ် အောက်လွှတ်တော်ဥက္ကဋ္ဌသည် အောက်လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ လေးပုံတစ်ပုံသောကိုယ်စားလှယ်များ၏ အဆိုပြုချက်ဖြင့် ဆောင်ရွက်ပြီး ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ပြင်ဆင်ချက်ကို အောက်လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံသော ကိုယ်စားလှယ်များ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်ဟု ပြဌာန်းထားသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှာကဲ့သို့ ဖွဲ့စည်းပုံဥပဒေပါ အချို့သောပုဒ်မများကို ပြင်ဆင်ရန်အတွက် ပြည်လုံးကျွတ်လူထုဆန္ဒခံယူပွဲများ ဆောင်ရွက်ရန်လိုအပ်ခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘောဒီးယားနိုင်ငံ၏အမြင့်ဆုံးဥပဒေဖြစ်သည်။ ထို့ပြင် ဥပဒေ၊ နည်းဥပဒေသို့မဟုတ် လုပ်ထုံးလုပ်နည်းပါ ပြဌာန်းချက်တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း သို့မဟုတ် ညီညွတ်ခြင်းမရှိပါက ပြဌာန်းခြင်း သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ တွင် ပြဌာန်းထားပါသည်။

၁၂။ ဥပဒေပြဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ-မရှိ စိစစ်နိုင်သည့် အခွင့်အာဏာသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသို့သာလျှင် အပ်နှင်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အမြင့်ဆုံးဥပဒေဖြစ်မှု (Supremacy) ကို အကောင်အထည်ဖော်ဆောင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကျမ်းကိုးစာရင်း


၁။ Additional Constitutional Law, 2004.

၂။ Constitution of Kingdom of Cambodia, 1993.

၃။ Press Release No. 40/2021 G.S.CC. PR of 09 October 2021.

၄။ Jorg Menzel, Cambodia from Civil War to a Constitution to Constitutionalism.

၅။ Yan Vandeluxe, The Historical Development of Cambodia's Constitutions.

၆။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများ၊ အတွဲ (၁) ။

၇။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ကမ္ဘာ့နိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေအဘိဓာန်၊ အတွဲ (၁) ၊ ၂၀၁၈။

၈။ https://en.wikipedia.org/wiki/History_of_Cambodia

၉။ https://www.ccc.gov.kh/historyccc_en.php


.